**နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။**


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၃၅၈)


## မူးယစ်ဆေးဝါး ဆိုးမွေကြီး မြန်မာ့မြေပေါ်မှ အပြီးတိုင်ပပျောက်စေရမည်

❐ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ကမ္ဘာ့လူသားများအားလုံးနှင့်သက်ဆိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ခံယူထား၊

❐ တစ်ဖက်တွင်လည်း မည်သူ၏ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးဆိုးမွေကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင်ပပျောက်စေရေးအတွက် မိမိတို့၏ အစီအစဉ်အတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်၊

❐ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများသည် နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းစေရေးစသည့် ပိုမိုကျယ်ပြန့်သော အမျိုးသားရေး မျှော်မှန်းချက်များနှင့် ဆက်စပ်လျက်ရှိ။



**နိုင်ငံတော်ဝန်ကြီးချုပ် ဆွေးနွေးမှာကြား**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)



# မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ခေတ်အဆက်ဆက်တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ တိုင်းရင်းသားများပူးပေါင်းပါဝင်လာသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု ထိရောက်အောင်မြင်လာ

# မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါးဆိုးမွေ အပြီးတိုင်ပျောက်ကွယ်စေရမည်ယုံကြည်ချက်ဖြင့်ဆောင်ရွက်နေ မူးယစ်ဆေးဝါးစိုက်ပျိုးမှုကို တားမြစ်ဖျက်ဆီးရုံသက်သက်ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းမအောင်မြင်နိုင် ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးရန် ဘက်စုံကဏ္ဍစုံပံ့ပိုးပေးရမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေး(၂/၂၀၀၄)ကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။ *ကျော်ဖုံးသို*

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

# စက်မှုကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံအများအပြားကို ထူထောင်လျက်ရှိသည့်အပြင် စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကို အခြေခံသော စက်မှုကဏ္ဍဖွံ့ဖြိုးရေးသည် အရေးပါသောလိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးမြေတိုးတက်လာသည်နှင့်အညီ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးနိုင်ရန် လယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးပြုနိုင်အောင် စက်မှုကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်စိုက်စက်များစသည့် အလိုအပ်ဆုံး လယ်ယာသုံးစက်ကိရိယာများကိုလည်း အစိုးရစက်ရုံများနှင့် စက်မှုဇုန်များက အရေအတွက်များများ အရည်အသွေးမီမီ ထုတ်လုပ်လာနိုင်ကြပြီ ဖြစ်သည်။

ထို့အပြင် စက်မှုဇုန်များသည် နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း လယ်ယာသုံး စက်ကိရိယာများသာမက စက်ပစ္စည်းထုတ်လုပ်သည့် သွင်းကုန်အစားထိုး စက်ကိရိယာများနှင့် ကုန်တင်ယာဉ်များ၊ လူစီးမော်တော်ယာဉ်များကိုပါ အဆင့်အတန်းရှိရှိ စီးပွားဖြစ်ထုတ်လုပ်လာနိုင်ကြပြီ ဖြစ်သည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာလ ၂၃ ရက်နေ့က ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရွှေပြည်သာစက်မှုမြို့ စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်မှုဇုန်တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင်–

**“စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့သည် ဟန်ချက်ညီညီ နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်သွားကြရန် အရေးကြီးကြောင်း၊ ပူးပေါင်းလုပ်ကိုင်မှု ဟန်ချက်ညီပြီး အားကောင်းသည်နှင့်အမျှ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏စီးပွားရေး တစ်ရပ်လုံးသည်လည်း တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာမှာဖြစ်ကြောင်း”**

ပြောကြားသွားသည်။

ယခုအခါ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်မှုဇုန် ၁၉ ဇုန်အထိ စုစုစည်းစည်း တိုးတက်ဖြစ်ပေါ်နေပြီး နိုင်ငံတော်၏စက်မှုကဏ္ဍသည်လည်း ထပ်ဆင့်တိုးတက်ပြောင်းလဲစေရန် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ၂၀၀၄–၂၀၀၅ ခုနှစ်မှစပြီး စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် စတင်တိုးတက်ဖြစ်ထွန်းစေရန် နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းထူထောင်ပြီး စက်မှုဇုန် ၁၉ဇုန်အနက် ရန်ကုန်တိုင်းအတွင်း၌ စက်မှုဇုန်အစုအဖွဲ့ပေါင်း ၁၈ခုရှိသည်။ ရန်ကုန်တိုင်း၏စီးပွားရေးကဏ္ဍ၌ စက်မှုလက်မှုကဏ္ဍသည် လယ်ယာကဏ္ဍထက်ကျော်လွန်ပြီး ပမာဏ အများဆုံးနေရာ၌ ပြောင်းလဲနေရာယူထားကြောင်း တွေ့ရသည်။

နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များတွင် ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းရှင်ပေါင်း ၇၀၀၀ ခန့်လုပ်ငန်းအလိုက် စက်မှုထုတ်ကုန်အမည်(အမယ်)မျိုးစုံကို ကြိုးကြိုးစားစား ထုတ်လုပ်လျက်ရှိကြသည်။ စက်မှုဇုန်များအနက် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့သည် ရှေ့တန်းက ဖွံ့ဖြိုးနေသည့် စက်မှုဇုန်များဖြစ်ကြသည်။ ယင်းစက်မှုဇုန်များသည် အမှတ်(၂)စက်မှုဝန်ကြီးဌာနကို မဏ္ဍိုင်ပြုပြီး ဝန်ကြီးဌာန၏နည်းပညာအကူအညီဖြင့် နိုင်ငံတော်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်၌ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းနေချိန်တွင် စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကပိုင်စက်မှုဇုန်များသည် နိုင်ငံတော်နှင့်လက်တွဲ၍ ဟန်ချက်ညီညီ အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများယှဉ်ပြိုင်နိုင်

ရန်ကုန် စက်တင်ဘာ ၂၄

**၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။**

ဝတ္ထုရှည်နှင့် ဝတ္ထုတို ပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀ အတွင်းရေးသားကြရမည်။ ပြိုင်ပွဲဝင်ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသောခေါင်းစဉ်မှာ **“တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ”** ဟူ၍ ဖြစ်သည်။

### ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိတို့ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူ မဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စပို့ (နှစ်လက်မခွဲXနှစ်လက်မ)အရွယ် နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

### နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂရုဓမ္မအခါတော်နေ့ တရားတော်ဟောကြားတော်မူမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

တော်သလင်းလပြည့် (ဂရုဓမ္မ အခါတော်နေ့) (စက်တင်ဘာ၂၈ရက်) အင်္ဂါနေ့ နံနက်၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) မန္တလေးတိုင်း တံတားဦးမြို့နယ် ကျွန်းဦးစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂက “ဂရုဓမ္မ အခါတော်နေ့တရားတော်”ကို လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ရှမ်းပြည်နယ် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ တေဇဝန္တ (အဂ္ဂမဟာပဏ္ဍိတ)က “တရားခံ့ခိုင် ကွန်းတိုင်လေးလုံး တရားတော်” ကို လည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**ရန်ကုန် စက်တင်ဘာ ၂၄**

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ် (ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇) အရ တင်သွင်းသည့် တရားမအထူးအယူခံမှုခြောက်မှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

စက်တင်ဘာ ၁၈ ရက်က သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှုနယ်လှည့်စာကြည့်



တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပရာ ၁/ထူပါရုံရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအေးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

## မြဝတီရုပ်မြင်သံကြား

၂၅-၉-၂၀၀၄

**(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ဘန္တေကရတ္တသုတ်”**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Proposition II (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”**(အပိုင်း–၃၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ English Premier League ဘောလုံးပွဲ Bolton Wanderes Vs Birminghan City

# မူးယစ်ဆေးဝါးသည်မြန်မာနိုင်ငံ၌စတင်ပေါ်ပေါက်ခဲ့သည့်ဒေသပေါက်ပစ္စည်းမဟုတ် ကိုလိုနီနယ်ချဲ့တို့ တိုင်းတစ်ပါးမှတင်သွင်းလာခဲ့သည့် ဧည့်သည်လက်ခံပစ္စည်းသာဖြစ်

✻ *ကျော်ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒအပိုင်းနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍လည်းကောင်း ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသွားရန်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတစ်ခုတည်းသက်သက် ခွဲခြားဆောင်ရွက်၍မရနိုင်ဘဲ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်း ယှဉ်တွဲဆောင်ရွက်ရမည့်အခြေအနေရှိကြောင်း။

## ထူးထူးခြားခြားအောင်မြင်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ရာတွင် ၁၉၈၈ခုနှစ် မိမိတို့အစိုးရ နိုင်ငံတော်၏တာဝန်မယူခင်ကာလက မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှုများနှင့်နှိုင်းစာလျှင် မိမိတို့အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည်ပိုမို၍ ထူးထူးခြားခြားတိုးတက်ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့နိုင်ကြောင်း။

ယခင်ခေတ်ကာလက ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ နယ်စပ်ဒေသများမှာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နှံ့နှံ့စပ်စပ် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့သော်လည်း မိမိတို့အစိုးရခေတ်ကာလတွင် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ပူးပေါင်းပါဝင်မှုရရှိဖြစ်ထွန်းလာသဖြင့် မိမိတို့မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ များစွာကျယ်ပြန့် နက်ရှိုင်းထိရောက်မှုရှိလာပြီး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

အမှန်အားဖြင့် မူးယစ်ဆေးဝါးသည် မိမိတို့မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည့် ဒေသပေါက်ပစ္စည်းမဟုတ်ဘဲ ကိုလိုနီနယ်ချဲ့တို့ တိုင်းတစ်ပါးမှတင်သွင်းလာခဲ့သောကြောင့် မြန်မာနိုင်ငံက ဧည့်သည်အဖြစ် လက်ခံခဲ့ရသည့်ပစ္စည်းသာဖြစ်ပြီး တဖြည်းဖြည်းဖြင့် ဧည့်သည်က အိမ်ရှင်ဖြစ်လာခဲ့သည့်သဘောဖြစ်ကြောင်း။

## လက်ညှိုးထိုးစွပ်စွဲ

သို့ရာတွင် ယနေ့အချိန်အခါ၌ ကိုလိုနီနယ်ချဲ့လက်သစ်များက သမိုင်းကြောင်းကို လျစ်လျူရှုပြီး မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါး၏အိမ်ရှင်အဖြစ် လက်ညှိုးထိုးစွပ်စွဲလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်က ကိုလိုနီနယ်ချဲ့များသည် နယ်စပ်ဒေသများရှိ အသိအမြင်နည်းပါးသော တိုင်းရင်းသားလူမျိုးများအား မူးယစ်ဆေးဝါးသံသရာ၌ ရေစုန်မျောအောင် ဖန်တီးခဲ့ကြသဖြင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများမှာ နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ်ရှင်သန်လာခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ်ရှင်သန်လာခဲ့သော မူးယစ်ဆေးဝါး ဆိုးမွေများကို နေ့ချင်းညချင်းပပျောက်အောင် ဆောင်ရွက်ရသည့် လုပ်ငန်းမှာ အလွန်ခက်ခဲသည့်လုပ်ငန်းဖြစ်ကြောင်း။

သို့သော်ငြားလည်း မြန်မာနိုင်ငံအနေဖြင့် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါး ဆိုးမွေများ လုံးဝကင်းစင်ပပျောက်သွားစေရေး ရည်မှန်းလျက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## အကောင်အထည်ဖော်

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ယှဉ်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅)နှစ်စီမံကိန်းကို ချမှတ်



၂၀၀၂-၂၀၀၃ခုနှစ်၌ ဘိန်းခင်းရှာဖွေဖျက်ဆီးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း တွေ့ရှိရသောဘိန်းခင်းအား ဤသို့ဖျက်ဆီးခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပန်းတိုင်သစ်စီမံကိန်းကိုပါ အားဖြည့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများမှာ အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ယခင်အစိုးရလက်ထက်တွင် နှစ်ပေါင်း ၄၀ကျော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများနှင့်နှိုင်းစာလျှင် မိမိတို့အစိုးရလက်ထက် ၁၀နှစ်တာ ကြိုးပမ်းဆောင်ရွက်အောင်မြင်ဖြစ်ထွန်းမှုများမှာ ထူးထူးခြားခြားသာလွန်ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း။

## အခိုင်အမာယုံကြည်

မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အပေါ်ယံကြောသက်သက် မျက်နှာပန်းလှရုံဆောင်ရွက်နေသည်မဟုတ်ဘဲ အချိန်ကာလတစ်ခုတွင် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါးဆိုးမွေများ အပြီးတိုင်ပျောက်ကွယ်သွားစေရမည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်ဖြင့် ခိုင်မာတိကျစွာ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် မည်သူ၏နှောင့်ယှက်ဟန့်တားမှုများ၊ စွပ်စွဲပြောဆိုမှုများရှိသည်ဖြစ်စေ မိမိတို့၏မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဟု အခိုင်အမာယုံကြည်ထားပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် Globalization ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား တည်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာခြားမှု၊ ဆင်းရဲချမ်းသာကွာဟမှုတို့တွင် အသာစီးရရှိထားသည့် ကိုလိုနီလက်သစ်အနောက်နိုင်ငံကြီးများအနေဖြင့် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စွက်ဖက်ခြယ်လှယ်နိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိနေသည့် အခြေအနေရှိကြောင်း။

## ဩဇာပေးနေ

ယင်းသို့ အသာစီးရရှိနေသည့် အခြေအနေတွင် အနောက်နိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံသုံးပြီး ကြိုးစားလုပ်ဆောင်နေကြသလို မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့လည်း မိမိတို့နိုင်ငံအပေါ် ဖိနှိပ်စွက်ဖက်ခြယ်လှယ် ဩဇာပေးမှုများကို ရင်ဆိုင်တွန်းလှန်နေရကြောင်း။

ယင်းနိုင်ငံကြီးများအနေဖြင့် မြန်မာနိုင်ငံတော်အပေါ်တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှု စသည့်စွပ်စွဲချက်အမျိုးမျိုးကို အသုံးပြုပြီး နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးလုပ်ဆောင်နေကြကြောင်း။

## အမျိုးသားရေးပန်းတိုင်

သို့ရာတွင် မြန်မာနိုင်ငံတော်အနေဖြင့် မြင့်မားခိုင်မာသော အမျိုးသားရေးပန်းတိုင်၊ မယိုင်လဲသော အမျိုးသားရေးဦးတည်ချက်များနှင့် တိကျခိုင်မာသော အမျိုးသားရေးလမ်းစဉ်များကို နိုင်ငံတကာသို့ အတိအလင်းထုတ်ပြန်ကြေညာပြီး ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ရာ တစ်ချိန်သောကာလတွင် မိမိတို့မျှော်မှန်းသော အမျိုးသားရေး ပန်းတိုင်သို့ မလွဲမသွေရောက်ရှိမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

## ကဏ္ဍစုံလွှမ်းခြုံ

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍လည်း နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာရေး၊ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအခြေခံများ တိုးတက်မြင့်မားရေး၊ ပြည်သူများ၏ စိတ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည့် နယ်ပယ်စုံကဏ္ဍစုံတို့ ဆက်စပ်လွှမ်းခြုံပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁*


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။

✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။

✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။

✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**


## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၉-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၁၅ ၆။ ဒါးကတံတား (ဧရာဝတီတိုင်း)
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar made Easy
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** အပိုင်း(၂၉)
၁၃:၁၀ ၇။ ပသောင်းတံတား
၁၃:၂၀ ၈။ **"အတွေးခါးခါး ဘဝချိုချို"** (ကျော်သူ၊ လူသား၊ သူသူဟံသာ၊ ရှုမဝစမ်းစမ်းအေး) (ဒါရိုက်တာ-သက်တင်)
၁၄:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၃၅ ၁၀။ စလင်းရေလှောင်တမံ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၁၇:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၂၅ ၇။ ၂၀၀၄ ခုနှစ် ဒုတိယအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
၁၇:၄၀ ၈။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
၁၈:၁၀ ၁၀။ **"အသိစိတ်ကလေး အရင်းတည်၍"** (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁၈:၂၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၁၇)
၁၉:၃၅ ၁၅။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဆွေးနွေးခန်း
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၂)

# နာဆီရိယာမြို့အနီး အမေရိကန်ရဟတ်ယာဉ်ပျက်ကျ တီကရစ်၌ လမ်းဘေးဗုံးကွဲ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

**ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ တီကရစ်မြို့အနီး၌ အမေရိကန်ကင်းလှည့်တပ်ဖွဲ့ ဗုဒ္ဓဟူးနေ့က လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း စစ်ဘက်က ပြောကြားသည်။**

ထို့ပြင် အီရတ်တောင်ပိုင်းတွင် အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်းပျံတက်အပြီး မကြာမီ၌ပျက်ကျသဖြင့် ရဟတ်ယာဉ်ပေါ်ပါ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျရာနေရာမှာ ဘဂ္ဂဒက် တောင်ဘက် ၃၇၅ကီလိုမီတာအကွာ နာဆီရိယာအနီး၌ဖြစ်ပြီး အင်္ဂါနေ့ညက ပျက်ကျခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးမှာ ဒဏ်ရာအနည်းငယ်ရပြီး ရဟတ်ယာဉ်မှာ အကြီးအကျယ် ပျက်စီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ အမေရိကန်ရဟတ်ယာဉ် ပျက်ကျရခြင်းအကြောင်းရင်းကိုမူ မသိရသေးဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာသတင်းများ

# ဗြိတိသျှတပ်ဖွဲ့အီရတ်မှ ရုပ်သိမ်းရန် ဗြိတိန်ပြည်သူအများစုလိုလား

**လန်ဒန် စက်တင်ဘာ ၂၂**

အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်အတွက် ဝန်ကြီးချုပ်တိုနီဘလဲ ရက်သတ်မှတ်ပေးရန် ဗြိတိန်နိုင်ငံသားအများစုက လိုလားကြောင်း ဂါဒီယန်သတင်းစာက အင်္ဂါနေ့၌ ပြုလုပ်သည့် လူထုသဘောထား ကောက်ယူမှုအရ သိရသည်။

အိုင်စီအမ်ကောက်ယူသော လူထုသဘောထား ကောက်ယူချက်တွင် ၁၀ဦးလျှင် ခုနစ်ဦးက အီရတ်၌ရှိသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၅၀၀ရုပ်သိမ်းရေး နောက်ဆုံးရက် သတ်မှတ်ပေးသင့်ကြောင်း ပြောဆိုကြသည်။ အိုင်စီအမ်-ဂါဒီယန်က မေလထဲ၌ လူထုသဘောထားကောက်ယူခဲ့ရာတွင် ဆန္ဒသဘောထားပေးသူ ၄၅ရာခိုင်နှုန်းက ဗြိတိသျှတပ်ဖွဲ့ဝင်များ လိုအပ်သလောက် အီရတ်၌ ရှိနေသင့်ကြောင်း ဖော်ပြခဲ့ရာ ယခုဖော်ပြသည့် လူထုသဘောထားနှင့် ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

## မီးလောင်

**ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် အသေခံကားဗုံး ဖောက်ခွဲသဖြင့် မော်တော်ယာဉ်များ မီးလောင်နေသည်ကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ဘဂ္ဂဒက်အနောက်ပိုင်း၌ အသေခံ ကားဗုံးဖောက်ခွဲ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၃**

ဘဂ္ဂဒက်အနောက်ပိုင်းရှိ လူစည်ကားသောလမ်းတစ်လမ်းတွင် ဗုဒ္ဓဟူးနေ့၌ အသေခံကားဗုံးတစ်လုံး ဖောက်ခွဲခဲ့ရာ အီရတ်ငါးဦးထက်မနည်းသေဆုံးပြီး အခြား၁၀ဦး ဒဏ်ရာရခဲ့ကြောင်း ဖြစ်ပွားရာနေရာ၌ရှိသည့် ဆင်ဟွာသတင်းထောက်က သတင်းပေးပို့သည်။

**ဗုံးခွဲ**

ယာယီတပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာနကို ပစ်မှတ်ထားပြီး အသေခံဗုံးခွဲခြင်းဖြစ်ပုံရကြောင်း၊ လူငါးဦးထက်မနည်း သေဆုံးပြီး လူနှစ်ဦးမှာ ၎င်းတို့၏ ကားများအတွင်း၌ ဆိုးဆိုးရွားရွား မီးလောင်ကျွမ်းခံခဲ့ရကြောင်း၊ ယာဉ်ငါးစီးမက မီးလောင်ကျွမ်းခံရကြောင်း သတင်းထောက်က ပြောကြားသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့၏ ဟိုင်ဖာလမ်းတွင် ဗုဒ္ဓဟူးနေ့နံနက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းထောက်က သတင်းပေးပို့ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စက်တင်ဘာ ၂၃ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၃၉ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည်ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၃ ရက် ကြာသပတေးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၃၉ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၈၉ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ရှစ်ဦး၊ ပိုလန် ၁၃ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟုဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၀၁ဦးဖြစ်ပြီး ယင်းအနက် ၆၈၀မှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# ဆာဒါ၏ပြောက်ကျားများနှင့် ကန်တပ်ဖွဲ့ဝင်များ ဆာဒါစီးတီး၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား

**ဘဂ္ဂဒက် စက်တင်ဘာ ၂၄**

ဘဂ္ဂဒက်မြို့၏ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မော့တာဒါအယ်လ်ဆာဒါ၏ ပြောက်ကျား တပ်ဖွဲ့ဝင်များ တိုက်ပွဲပြင်းထန် စွာ ဖြစ်ပွားရာ လူ၁၅ဦးသေဆုံးပြီး ၅၂ ဦးဒဏ်ရာရရှိကြောင်း အာရေဗျရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့၌ ထုတ်လွှင့်ဖော်ပြသည်။

**တိုက်ပွဲဖြစ်ပွား**

ဘဂ္ဂဒက်အရှေ့ဘက်ရှိ ဆာဒါစီးတီးအရပ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ အကူအညီယူလျက် အီရတ်တပ်ဖွဲ့ဝင်များက လက်နက်များရှာဖွေရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

နံနက်ပိုင်း၌ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့ပြီးနောက် ဆာဒါ၏ ပြောက်ကျားတပ်ဖွဲ့၏ စခန်းများအား အမေရိကန်လေယာဉ်များနှင့် တင့်ကားများက တိုက်ခိုက်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## ကင်းလှည့်

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် ကင်းလှည့်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘုရှ်၏မူဝါဒ စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မကျ ဒီမိုကရက်တစ်သမ္မတလောင်း ကယ်ရီဝေဖန်ပြောကြား

ဝက်စ်ပမ်းဘိချ် စက်တင်ဘာ ၂၃

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏မူဝါဒများသည် စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မကျကြောင်း၊ သူ၏ ရီပတ်ဘလစ်ကန်များသည်လည်း ပြည်တွင်းရေးကိစ္စများအပြင် အီရတ်ကိစ္စတွင် စိတ်ကူးယဉ်အတွေးကမ္ဘာထဲ ရောက်နေကြကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ဗုဒ္ဓဟူးနေ့၌ပြောဆိုကာ ဂျော့ဒဗလျူဘုရှ်၏မူဝါဒများကို ဝေဖန်ပြောကြားလိုက်သည်။**

ဖလော်ရီဒါပြည်နယ်တွင် နိုင်ငံရေးမဲဆွယ်စည်းရုံးရာ၌ အီရတ်စစ်ပွဲနှင့် အကျိုးဆက်များအပေါ် ဘုရှ်၏ကိုင်တွယ်ဆောင်ရွက်ပုံကို ကယ်ရီက ထိုသို့တိုက်ခိုက်ဝေဖန်ခဲ့သည်။ ဘုရှ်ကို မိမိသာသာနှင့် နာနာနက်မည်ဖြစ်ကြောင်း၊ အီရတ်တွင် ဖရိုဖရဲဖြစ်နေသောအခြေအနေများကို ဘုရှ်သည်အမှန်အတိုင်း ပြောခြင်းမရှိသော်လည်း အီရတ်အနာဂတ်နှင့် ပတ်သက်၍ သူ့ကိုယ်သူ အကောင်းမြင်နေကြောင်း ကယ်ရီက ပြောကြားသည်။

**ကြိုးပမ်းနေ**

စီအိုင်အေသည် အီရတ်အခြေအနေကို စိတ်ထင်ရာမှန်းဆပြောဆိုနေပြီး သမ္မတ၏ ပြည်တွင်းမူဝါဒသဘောထားနှင့်ကန့်သတ်နှောင်ဖွဲ့ရန် ကြိုးပမ်းနေကြောင်း ပြောဆိုကာ မက်ဆက်ချူးဆက်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ဘုရှ်အားပြစ်တင်ပြောဆိုခဲ့သည်။

ဘုရှ်သည်ခေါင်းမာပြီး လက်တွေ့မကျသော အတွေးအခေါ်ရှိသူဖြစ်ကြောင်း၊ အီရတ်၏အနာဂတ်နှင့် စပ်လျဉ်း၍အဆိုးမြင်ဝါဒ ရှိသူဖြစ်ကြောင်း ကယ်ရီက စွပ်စွဲပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



**ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဖူကော့ကျွန်း၌ ငါးဖမ်းစက်လှေများ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည်ကိုတွေ့ရစဉ်။** (ယင်းကျွန်းသည် ဗီယက်နမ်နိုင်ငံ၏ အဓိကရေလုပ်ငန်းကြီးဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းဖြင့်လည်း ဝင်ငွေရရှိနိုင်မည့် နေရာတစ်နေရာဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

# တရုတ်နိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက် ယခုနှစ် ဒေါ်လာ ၆၂ ဘီလီယံ တိုးမြင့်ရရှိမည်ဟု ခန့်မှန်း

ပေကျင်း စက်တင်ဘာ ၂၃

**တရုတ်နိုင်ငံသည် ယခုနှစ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်ခဲ့ရာ မကြာသေးသည့်နှစ်များက အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံ တိုးတက်ခဲ့မှုနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံအထိ တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း တရုတ်အစိုးရအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

ယခုနှစ် ပထမရှစ်လအတွင်း တရုတ်နိုင်ငံ၌ ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃ဒသမ ၅၅၉ ဘီလီယံ ရှိခဲ့ရာ ပြီးခဲ့သည့်နှစ်ကထက် ၁၈ ဒသမ ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံကုန်သွယ်ရေး ဒုတိယဝန်ကြီး လျှိုကျာကျင်းက ပြောကြားသည်။

**တိုးတက်လာ**

တရုတ်နိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ယခုအတိုင်းပုံမှန်စီးဆင်းဝင်ရောက်ခဲ့လျှင် ယခုနှစ်အတွင်း၌ အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံအထိ တိုးတက်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြည်ပရင်းနှီးမြှုပ်နှံမှုဌာနမှ တရားဝင်ခန့်မှန်းတွက်ချက်မှုများက ဖော်ပြသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ အနှောင့်အယှက်မရှိ ဝင်ရောက်ခဲ့လျှင် အဆိုပါကိန်းဂဏန်းအတိုင်း ရင်းနှီးမြှုပ်နှံမှုရရှိမည်ဟု ၂၀၀၄ ခုနှစ်ကမ္ဘာ့စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံဖွင့်ပွဲအခမ်းအနား၌ တရုတ်နိုင်ငံကုန်သွယ်ရေး ဒုတိယဝန်ကြီးလျှိုကျာကျင်းက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ကုလသမဂ္ဂပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် သီရိလင်္ကာသမ္မတကုမာရတွန်ဂါတိုက်တွန်း

**ကုလသမဂ္ဂ စက်တင်ဘာ ၂၂**

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ပိုမိုထိရောက်စွာ လုံခြုံမှုပေးနိုင်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ပေးနိုင်ရန်တို့အတွက် သီရိလင်္ကာနိုင်ငံက ကုလသမဂ္ဂကို ပြုပြင်ပြောင်းလဲစေလိုကြောင်း သီရိလင်္ကာသမ္မတ ချန်ဒရီကာ ဘန်ဒါရမ်နက်ကီ ကုမာရတွန်ဂါက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

**လေးစား**

မိမိ၏အစိုးရသည် ကုလသမဂ္ဂနှင့် ၎င်း၏အလားအလာများကို လေးစားကြောင်း၊ ခုခံမှုမရှိခြင်းနှင့် အားနည်းခြင်းသည် ချမ်းသာမှုနှင့် အာဏာရှိသော လေသံမျိုးပြောနိုင်ရန် မှာ ခက်ခဲကြောင်း၊ ၎င်းတို့အဖွဲ့ဝင် နိုင်ငံအားလုံး၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို ဖြည့်စွမ်းပေးရေး ကုလသမဂ္ဂက ပိုမိုတာဝန်ယူနိုင်ရန်၊ ပြုပြင်ပြောင်းလဲမှု လိုအပ်ကြောင်း သူမကပြောကြားသည်။

**ပြောကြား**

လုံခြုံရေးကောင်စီသည် လက်ရှိ ဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေး အဖြစ်အပျက်များကို တုံ့ပြန်မပေးနိုင်ကြောင်း သူမက မှတ်ချက်ပြုပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင် ကာဂျစ္စတန်နှင့်ရုရှားသို့သွားရောက်

**ပေကျင်း စက်တင်ဘာ ၂၂**

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အသင်းဝင်နိုင်ငံများ၏ တတိယအကြိမ် ဝန်ကြီးချုပ်များတွေ့ဆုံဆွေးနွေးပွဲနှင့် တရုတ်နှင့် ရုရှားဝန်ကြီးချုပ်များ၏ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ကာဂျစ္စတန်နှင့် ရုရှားသို့ အလည်အပတ်ခရီး သွားရောက်ရန်အတွက် အင်္ဂါနေ့နံနက်က ပေကျင်းမှ ထွက်ခွာသွားခဲ့သည်။

၁၀ နှစ်အတွင်း တရုတ်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံး ကာဂျစ္စတန်သို့အလည်အပတ်ခရီးသွားရောက်စဉ် နှစ်နိုင်ငံခေါင်းဆောင်များသည် လာမည့် ဆယ်စုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သဘောတူညီမှုဆိုင်ရာ စာချုပ်တစ်ရပ် ချုပ်ဆိုကြမည်ဖြစ်သည်။

**ဆွေးနွေးမည်**

ရုရှားတွင်၎င်းနေထိုင်စဉ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဝန်ကြီးချုပ် မီခေးလ်ဖရက်ဒ်ကော့ဖ်နှင့်လည်း ဆွေးနွေးမည်ဖြစ်သည်။ ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့်အတူ တရုတ်နိုင်ငံခြားရေးဝန်ကြီးလီကျောက်ရှင်းနှင့် အခြားဝန်ကြီးအချို့ လိုက်ပါသွားသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် ဝူယီသည် တရုတ်ရုရှားဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုတင် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန် ရုရှားနိုင်ငံသို့ရောက်နှင့်ပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**







**မီဒီယာကြည့်နိုင်သော သရီးဂျီမိုလ်ဘိုင်းဖုန်း**

**စင်ကာပူ ဆက်သွယ်ရေးဝန်ထမ်းတစ်ဦးက မီဒီယာကြည့်ရှုနိုင်သည့် သရီးဂျီမိုလ်ဘိုင်းဖုန်း အသုံးပြုပုံကို သရုပ်ပြသနေစဉ်။**

(ယင်းမိုလ်ဘိုင်းဖုန်းကို မကြာမီ ဈေးကွက်သို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရသည်။)

**(ဓာတ်ပုံ– အင်တာနက်)**

# ဂျပန်နှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေး သဟဇာတဖြစ်ရန်လိုအပ် ငြိမ်းချမ်း တည်ငြိမ်ရေးနှင့် ကြီးပွားတိုးတက်ရန် အမုန်းကိုဖယ်ရှား

## ကမ္ဘာကြီးနှင့် ဒေသတစ်ခုလုံး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး လက်တွဲမည်

**ပေကျင်း စက်တင်ဘာ ၂၃**

ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် သဟဇာတ ဖြစ်ဖို့လိုအပ်ပြီး ရန်ငြိုးပဋိပက္ခနှင့် မုန်းတီးမှုများ မလိုအပ်ကြောင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ထိပ်တန်း ဥပဒေပြုလွှတ်တော်အမတ်က ဗုဒ္ဓဟူးနေ့၌ တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။

ဂျပန်နှင့်တရုတ်နိုင်ငံတို့အတွက် ရန်ငြိုးပဋိပက္ခနှင့် မုန်းတီးမှုများကိုဖယ်ရှားပြီး သဟဇာတဖြစ်မှုကို ရွေးချယ်ခြင်းသည် အာရှတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြီးပွားတိုးတက်ရေးအတွက် ကောင်းမွန်ကြောင်း ဂျပန်ဥပဒေပြုအောက်လွှတ်တော် ဥက္ကဋ္ဌကိုနိုယိုဟီက ပြည်သူ့နေ့စဉ် သတင်းစာကတွေ့ဆုံမေးမြန်းစဉ် ပြောကြားသည်။

ဂျပန်အောက်လွှတ်တော်ဥက္ကဋ္ဌ ကိုနိုယိုဟီသည် တရုတ်အမျိုးသားပြည်သူ့ကွန်ကရက်(အင်န်ပီစီ)အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂို၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၂၀ ရက်၌ တရုတ်နိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။

**စိန်ခေါ်မှုများကို ပူးတွဲရင်ဆိုင်ဖြေရှင်း**

တရုတ်နှင့် ဂျပန်နှစ်နိုင်ငံသည် စိန်ခေါ်မှုများကို ပူးတွဲရင်ဆိုင်ဖြေရှင်းပြီး နားလည်သဘောပေါက်မှုကို တိုးမြှင့်စေကာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို ရှင်သန်တိုးတက်စေမည်ဖြစ်ကြောင်း ယိုဟီကပြောကြားသည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာတွင်အိမ်နီးချင်း စီးပွားရေး အင်အားကြီးနှစ်နိုင်ငံဖြစ်သည့်အလျောက် ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် နှစ်စဉ်လူသုံးသန်းကျော် အပြန်အလှန်သွားရောက်ခဲ့ကြကာ တစ်နေ့လျှင် ပျမ်းမျှ လူ ၁၀၀၀၀ ဖြစ်သည်။

ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် ဒေသနှင့်ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုရှိရေးအတွက် ပူးပေါင်းလက်တွဲသွားကြမည်ဖြစ်ကြောင်း မစ္စတာယိုဟီကပြောကြားသည်။

**အင်တာနက်၊ဆင်ဟွာ**

# လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ဂျပန်နိုင်ငံ ဆန္ဒရှိ

**ကုလသမဂ္ဂ စက်တင်ဘာ ၂၃**

မိမိ၏နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရို ကိုအိဇူမီက အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဂျပန်နိုင်ငံသည် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံဖြစ်ရေးအတွက် ခိုင်မာသည့် အခြေခံတစ်ရပ်ရှိသည်ဟု မိမိတို့ ယုံကြည်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၅၉) ကြိမ်မြောက် အစည်းအဝေးတွင် ကိုအိဇူမီက ပြောသည်။

ဂျပန်နိုင်ငံအကြီးအကဲက ၎င်း၏မိန့်ခွန်းတွင် ကုလသမဂ္ဂအား အရှိန်အဟုန်မြှင့်၍ ပြန်လည်ဖွဲ့စည်းရန် တိုက်တွန်းလိုက်ပြီး ယနေ့ကမ္ဘာတွင် နိုင်ငံတကာအသိုင်းအဝိုင်းသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမှုများ မြင့်တက်လျက်ရှိပြီး ကုလသမဂ္ဂသည် အရေးပါသော အခန်းကဏ္ဍမှရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့သည် ခိုင်မာပြီး ထက်မြက်သည့် ကုလသမဂ္ဂကို အလိုရှိကြောင်း၊ အကယ်စင်စစ် မိမိတို့သည် ခေတ်သစ်အတွက် ကုလသမဂ္ဂ အသစ်ကို ပုံဖော်ရမည်ဖြစ်ကြောင်း ကိုအိဇူမီက ပြောကြားသည်။

ကုလသမဂ္ဂစနစ်တစ်ခုလုံး ပြောင်းလဲရန် လိုအပ်ပြီး ယင်းပြောင်းလဲမှုများအနက် လုံခြုံရေးကောင်စီပြန်လည်ဖွဲ့စည်းရေးသည် အချက်အချာကျကြောင်း ၎င်းကပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

25-9 (05).p65 1 24.03.1905, 11:14 PM



## ဓာတုဗေဒ ပစ္စည်းများ ဖျက်ဆီး

၂၀၀၂ ခုနှစ် ဇွန် ၇ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပသည့် မူးယစ်ဆေးဝါးများ တတိယအကြိမ်မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် အထူးဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက ဖမ်းဆီးရမိ ဓာတုဗေဒပစ္စည်းများကို ဤသို့ ပါဝင်ဖျက်ဆီးခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာသည်ကို နိုင်ငံတကာက အသိအမှတ်ပြုလာရပြီ

စာမျက်နှာ ၃ မှ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှ အစပြုပြီး မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ် စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိခြင်းမှာမူးယစ်ဆေးဝါးစိုက်ပျိုးမှုကို တားမြစ်ဖျက်ဆီးရုံ သက်သက်မျှဖြင့် လုပ်ငန်းများ မအောင်မြင်နိုင်ဘဲ ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားရေးအတွက်ကိုပါ ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သည်ဆိုသော သဘောထားဖြင့် ဘက်စုံကဏ္ဍစုံက ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

## ပါဝင်ကူညီပံ့ပိုး

ကူညီပံ့ပိုးမည့်အစား ဖျက်ဆီးဖို့သာတိုက်တွန်းနေကြသော အခြေအနေတွင် မိမိတို့အစိုးရက ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးဖြည့်ဆည်းပေးရေးနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပံ့ပိုးထူထောင်ပေးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများဖြစ်ထွန်းလာခဲ့သည်ကို နိုင်ငံတကာမှ သိမြင်လာသည့်အလျောက် ယခုအခါတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများကပါ ပါဝင်ကူညီ ပံ့ပိုးဆောင်ရွက်လာသည်များ ရှိလာပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်နှင့်အမျှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို မူးယစ်ဆေးဝါးပပျောက်သည့်နယ်မြေအဖြစ် နိုင်ငံတကာသို့ ကြေညာနိုင်ခဲ့သလို ကိုးကန့်ဒေသနှင့် 'ဝ'ဒေသတို့ကလည်း ၎င်းတို့၏ဒေသအသီးသီး၌ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသော ဒေသများဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့်ကောင့်သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းစင်ရေးနယ်မြေများအဖြစ်သတ်မှတ်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ ပပျောက်သွားစေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

## ပူးပေါင်းဆောင်ရွက်

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံ Bilateral နှင့် Multilateral စာချုပ်များချုပ်ဆိုပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၂ ခုနှစ်အတွင်းက မြန်မာ-တရုတ်၊ မြန်မာ-ထိုင်းနှင့် UNODC သုံးပွင့်ဆိုင်သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် မြန်မာ-အိန္ဒိယ၊ ၁၉၉၄ ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-အိန္ဒိယ၊ ၁၉၉၇ ခုနှစ်တွင် မြန်မာ-လာအို၊ မြန်မာ-ဖိလစ်ပိုင်၊ မြန်မာ-ရုရှား၊ ၂၀၀၁ ခုနှစ်တွင် မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း မူးယစ်ဆေးဝါးစိတ်ကြွရူးသွပ်ဆေးဝါးနှင့် ပရိကာဆာ ထိန်းချုပ်ရေး စာချုပ်တို့ကို ချုပ်ဆိုခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတကာ NGO ဖြစ်သော Malteser, AMI, Asian Harm Reduction Network စသည့်အဖွဲ့များနှင့် MoU လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်အတွင်းတွင် Artsenzondir Grenzen (AZG) အဖွဲ့နှင့် Austrlia နိုင်ငံ Burnet Institute စသည့် အဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊

အလားတူပင် အာဆီယံနိုင်ငံများနှင့်သာမက အာဆီယံနှင့်တရုတ်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ASEAN + China (ACCORD-Plan of Action) လုပ်ငန်းတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

## လက်တွဲဆောင်ရွက်မည်

မြန်မာနိုင်ငံအနေဖြင့် ဤသို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်သကဲ့သို့ မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းတူညီသော၊ သဘောထားခံယူချက်ခြင်းတူညီသော မည်သည့်ကမ္ဘာ့ နိုင်ငံများနှင့်မဆို၊ မည်သည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့်မဆို လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ကမ္ဘာ့လူသားများအားလုံးနှင့် သက်ဆိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်ဟု မြန်မာနိုင်ငံအနေဖြင့် ခံယူထားကြောင်း။

တစ်ဖက်တွင်လည်း မည်သူ၏ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးဆိုးမွေကြီးကို မြန်မာ့မြေပေါ်မှအပြီးတိုင် ပပျောက်စေရေးအတွက် မိမိတို့၏ အစီအစဉ်အတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်သာ ဖြစ်ကြောင်း။

## အမျိုးသားရေးမျှော်မှန်းချက်

မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများသည် နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေတိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းစေရေးစသည့် ပိုမိုကျယ်ပြန့်သော အမျိုးသားရေးမျှော်မှန်းချက်များနှင့် ဆက်စပ်လျက်ရှိနေကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများကို အခြေခံသည့် အမျိုးသားရေး ဦးတည်ချက်များကို ချမှတ်ပြီး အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဟူသော အမျိုးသားရေးပန်းတိုင်ကို မျှော်မှန်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့



မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှု(၉)ကြိမ်မြောက် အစီအစဉ်အဖြစ်၂၀၀၃ခုနှစ် ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ်အတွင်းရှိ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများကို ဤသို့ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း ထူးထူးခြားခြားဖြစ်ထွန်းအောင်မြင်



## ဘိန်းအစားထိုး ပန်းဂျုံစိုက်ခင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) လောက်ကိုင်ဒေသတွင် စိုက်ပျိုးထားသည့် ဘိန်းအစားထိုး ပန်းဂျုံ စိုက်ခင်းကြီးကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## မျိုးစေ့ပေးအပ်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က တိုင်းရင်းသားခေါင်းဆောင်များအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခဲ့စဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## မူးယစ်ဆေးဝါး အထိမ်းအမှတ်ပြတိုက်

ကိုးကန့်တိုင်းရင်းသားများ၏ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ချက်၏ မှတ်တိုင်တစ်ခုအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) လောက်ကိုင်တွင် တည်ဆောက်ထားသော မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ကြီး။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့ဝင်များ ရှမ်းပြည်နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများတွင် ဘိန်းအထွက်နှုန်း ဤသို့ခန့်မှန်းတိုင်းတာခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၀၂ ခုနှစ် ဇွန်၇ရက်က ကျင်းပခဲ့သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများဖျက်ဆီးသည့် အခမ်းအနားတွင် တောင်သူများကိုယ်တိုင်လာရောက်အပ်နှံသည့် ဘိန်းမျိုးစေ့များကို မဖျက်ဆီးမီ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ တတိယအကြိမ်ဖျက်ဆီးသည့် အခမ်းအနားတွင် စုပုံထားသော မူးယစ်ဆေးဝါးများနှင့် ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များကို အဝေးထိန်းစက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးခဲ့စဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



# ကိုလိုနီနယ်ချဲ့တို့သည် အသိအမြင်နည်းပါးသောနယ်စပ်ဒေသရှိ တိုင်းရင်းသာ
# နှစ်ပေါင်းများစွာအမြစ်တွယ်လာသည့် မူးယစ်ဆေးဝါးဆိုးမွေကို မြန်မာ့မြေပေါ်

စာမျက်နှာ ၆ မှ

ယင်းအမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက်လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

### တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်၍ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အဆင့်ဆင့်ကူးပြောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် မူဝါဒလုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့်အညီ အောင်မြင် ပြည့်မြောက်စေရအောင် တစ်မျိုးသားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

### ကာကွယ်ကုသပေးနိုင်ခဲ့

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့် ပထမ(၅)နှစ်တွင် ပါဝင်သော စီမံကိန်းဝင် ၂၂ မြို့နယ်နှင့် ဒုတိယ(၅)နှစ်စီမံကိန်းဝင် မြို့နယ် ၂၀ ကိုသာမကဘဲ 'ဝ'ဒေသတောင်ပိုင်း၊ မိုင်းယန်း၊ ဟိုတောင်း၊ မိုင်းပေါက်၊ မိုင်းကာဒေသ၊ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းဒေသ၊ ကွတ်ခိုင်မြို့နယ် ကောင်းခါးဒေသနှင့် 'ဝ'ဒေသမြောက်ပိုင်း၊ နမ့်တစ်(ဟိုပန်) တို့ကိုပါ အစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဒုတိယ(၅)နှစ် စီမံကိန်းဝင် ဒေသများကို သီးနှံမျိုးစေ့အနေဖြင့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ သရက်၊ လိုက်ချီး၊ ငရုတ်ကောင်း စသောပျိုးပင်များ ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ သီးနှံစုံပြကွက် ၂၈၀ ဒသမ ၃ ဧက စိုက်ပျိုးပေးခဲ့ပြီး စမ်းသပ်ကွက် ၁၈ ဧကခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေးပညာပေးသင်တန်းပေါင်း (၆၂)ကြိမ်တွင် သင်တန်းသား ၅၈၃၆ ဦးအား ပညာပေးနိုင်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ၁၅၉၁ဧကကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ဘိန်းအစားထိုးသီးနှံအနေဖြင့်လည်း ဒေသမျိုး ၃၄၃၃ ဧက စိုက်ပျိုးပြီးစီးခဲ့ပါကြောင်း၊ မွေးမြူရေး လုပ်ငန်းအနေဖြင့် ဒုတိယ(၅)နှစ်စီမံကိန်း၏ ခြောက်လတာကာလအတွင်းတွင် ငါးသားပေါက် တစ်သန်းကျော်မျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ပြီး ခြောက်လတာကာလအတွင်း စီမံကိန်းဒေသများ၌ ကျွဲ၊နွား ၁၇၁၉၉ကောင်၊ ဝက် ၅၂၁၂ ကောင်နှင့် ကြက်နှင့် အခြား ၅၅၉၈၃ ကောင် ကာကွယ်ကုသပေးနိုင်ခဲ့ပါကြောင်း။

ပထမ (၅)နှစ်စီမံကိန်းကာလအတွင်း ပြည်သူလူထုအခြေပြု မူးယစ်ဆေး ဖြတ်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခဲ့ပါကြောင်း။

### ဖြန့်ချီထုတ်လွှင့်

ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအနေဖြင့်လည်း ပထမ (၅)နှစ်ကာလအတွင်းတွင် လျာထားချက်ထက်ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့ အနေဖြင့် သတင်း ၁၁၉၆ ပုဒ်၊ ပညာပေးရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ နှင့် ဟောပြောပွဲများအပါအဝင် (၄၁၅)ကြိမ်၊ ရေဒီယို၊ မြဝတီ၊ MRTV°တို့မှ ဓာတ်လမ်း (၂၈)ကြိမ်၊ ပညာပေးသီချင်း ၃၄၉ပုဒ်၊ သတင်းခေါင်းကြီး ၁၈ပုဒ်၊ သတင်းဓာတ်ပုံပေါင်း ၃၁၈၂ပုံတို့ကို ဖြန့်ချီထုတ်လွှင့်နိုင်ခဲ့ပါကြောင်း။

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရန် အတွက် ကျိုင်းတုံ၊ လွိုင်ကော်၊ ကလေး၊ တမူးနှင့် မြစ်ကြီးနားခရိုင်အတွင်းက ဆရာ ဆရာမ ၄၄၀၊ မူးယစ်ဆေးဝါးအန္တရာယ် HIV/AIDS ခုခံအား ကျဆင်းမှုကူးစက်ရောဂါ၊ စိတ်ကြွရူးသွပ်ဆေး၊ ATS°နှင့် ဆေးလိပ်အန္တရာယ် အသိပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း သင်တန်းများပို့ချသွားရန် စီစဉ်ထားပါကြောင်း။

၂၀၀၄ ခုနှစ်ဆန်းမှစ၍ ယနေ့အထိ ပြန်လည်ပြုစုရေးဌာနများတွင် စုစုပေါင်း ၃၀၈ဦး ပြန်လည်ပြုစုပျိုးထောင်မှု ပေးနိုင်ခဲ့ပါကြောင်း။

### ကြိုးစားဆောင်ရွက်

ပထမ (၅)နှစ်စီမံကိန်းကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံကိန်းလျာထားချက်ထက်ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဒုတိယ (၅)နှစ်စီမံကိန်းတွင် မြေသား၊ ကျောက်ခင်းနှင့် ကတ္တရာလမ်းဖောက်လုပ်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၁၆၄ မိုင်၊ အရှေ့ပိုင်း၌ ၅၆ မိုင်၊ တောင်ပိုင်း၌ ၇၇ မိုင်နှင့် ကချင်ပြည်နယ်၌ မိုင် ၃၂၀ ဖောက်လုပ်ရန် လျာထားပါကြောင်း၊ အမက၊ အလက၊ အထကကျောင်းများ၊ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းအိပ်ချိန်းများ၊ ဆေးရုံဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ၊ အသေးစားရေအားလျှပ်စစ်အပါအဝင် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ တည်ဆောက်ရန် လျာထားပါကြောင်း၊ ပထမ(၅)နှစ်စီမံကိန်းကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သလို ယခု ဒုတိယ(၅)နှစ်ကာလတွင်လည်း လျာထားချက်ပြည့်မီအောင် ဝန်ကြီးဌာနများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း။

ဘိန်းစိုက်ရာသီတွင် ဘိန်းဧက ၇၅၄၄ ဒသမ ၇၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အမှုပေါင်း ၂၀၇၀မှ တရားခံပေါင်း ၂၈၈၃ ဦးကို အရေးယူခဲ့ပါကြောင်း၊ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေး၊ အက်ဖီဒရင်း၊ ဆေးခြောက်

> **၂၀၀၂ ခုနှစ် ဇွန် ၇ ရက်က လားရှိုးမြို့ အားကစားကွင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)က တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ဤသို့မီးရှို့ဖျက်ဆီးခဲ့သည်။**
> **(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)**






**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူး အစည်းအဝေး(၂/၂၀၀၄)တွင် မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

များဖမ်းဆီးခြင်း၊ စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်သည့် စက်တစ်လုံး၊ ဘိန်းဖြူ ချက်စက်ရုံနှစ်ရုံတို့ကို ဖျက်ဆီးခြင်းများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာနှင့် ပူးပေါင်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ၊ ဓာတုပစ္စည်းထိန်းချုပ်ရေးစီမံချက် ကြားဖြတ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၀၄ခုနှစ် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့(၄) အစားထိုးဖွံ့ဖြိုးရေးအစည်းအဝေး၊ ထိန်းချုပ် ဓာတုပစ္စည်းကြီးကြပ်ရေးနည်းဥပဒေများဆိုင်ရာရှင်းလင်းတာဝန်ပေးအပ်ခြင်းနှင့် လျှို့ဝှက်မူးယစ်ဆေးဝါးဓာတ်ခွဲခန်းများ စုံစမ်းဖော်ထုတ်ခြင်းဆိုင်ရာသင်တန်း၊ အာရှဒေသ HIVလျှော့ချရေးစီမံကိန်း ARHP စီမံကိန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စီမံကိန်းစတင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ မူးယစ်ဆေးဝါးအကြောတွင်းထိုးသွင်းခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးစီမံကိန်း လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် HIV/AIDS ကာကွယ်ရေး နည်းပြသင်တန်းများကို မြန်မာနိုင်ငံ၌ ကျင်းပနိုင်ခဲ့ပါကြောင်း။

### အသိအမှတ်ပြုထုတ်ပြန်

မြန်မာ/အမေရိကန် ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု၊ မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို ပထမ(၅)နှစ် စီမံကိန်းကာလအတွင်း ပူးပေါင်းဆောင်ရွက်သလို ယခုလည်း ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်ဘိန်းအထွက်နှုန်း တိုင်းတာရေးအဖွဲ့ CNC°က ကိုးနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈၁ရာခိုင်နှုန်း လျော့ကျပြီး ဘိန်းထုတ်လုပ်မှု ၈၈ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု အသိအမှတ်ပြု ထုတ်ပြန်ခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း ကိုးကန့်နှင့် 'ဝ'ဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများမှာရှိသည့် တောင်သူများအနေဖြင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိဘဲ အခက်အခဲများစွာ ကြုံတွေ့လာခြင်းကိုလည်း နတလနှင့် ပူးပေါင်းဖြေရှင်းပေး ခဲ့ပါကြောင်း။

၂၀၀၃ခုနှစ် စက်တင်ဘာ ၇ ရက်က ကျင်းပသည့် မူးယစ်ဗဟိုအထူး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမကျေးရွာအနီး၌ ရွှေပြည်သစ် ပြန်လည်ပြုစုပျိုးထောင်ရေးဌာနတစ်ခုကိုလည်း လိုအပ်သည့်အဆောက်အအုံ ၂၉လုံးဖြင့် စတင်ဆောက်လုပ်ရာတွင် ၉၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ လာမည့် နိုဝင်ဘာလတွင် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တာချီလိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် မြဝတီခရိုင်တို့ကို မူးယစ်ဆေးဝါး ကင်းမဲ့ဒေသများအဖြစ် တည်ထောင်သွားရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၀၃ ခုနှစ်အတွင်းတွင် မူးယစ်ဗဟို၏ အစီအစဉ်ဖြင့် ဆန်အိတ် ၆၀၀၀ နှင့် ဆားအိတ် ၁၅၀ ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်တန်ချိန် ၇၆၀ ကို ကိုးကန့်အထူးဒေသ(၁)သို့ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ၂၀၀၄ခုနှစ်အတွင်းမှ နတလရန်ပုံငွေနှင့် မူးယစ်ဗဟိုနှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးတို့၏ စီစဉ်မှုဖြင့်'ဝ'ဒေသအတွက် ဆန်အိတ် ၂၀၀၀၊ ဆားအိတ် ၅၀ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်း၊ ဖယ်ခုံနှင့် မိုင်းပန်မြို့နယ် တောင်သူများ အတွက် ဆန်အိတ် ၃၀၀၀၊ ဆားအိတ် ၁၀၀ ကို ဇွန်လအတွင်း ဖြန့်ဖြူး

# တိုင်းရင်းသားများအား မူးယစ်ဆေးဝါးသံသရာ၌ ရေစုန်မျောအောင်ဖန်တီးခဲ့ မြန်မာ့မြေပေါ်မှ လုံးဝပပျောက်သွားစေရေးတစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေး(၂/၂၀၀၄) တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူး အစည်းအဝေး(၂/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် နတလတို့ ပူးပေါင်းပြီး ရိက္ခာထောက်ပံ့ရေးအစီအစဉ်အရ လောက်ကိုင်၊ ပန်ဆန်း၊ မန်တုံ၊ မန်ပန်၊ မုံးကိုးနှင့် ကောင်းခါးဒေသတို့အတွက် ထောက်ပံ့ရန်လျာထားသည့် ဆန် ၂၄၀၀ တန်မှာ အဆိုပါဒေသများသို့ သယ်ယူပို့ဆောင်ရောက်ရှိပြီး ဖြန့်ဖြူးရေးကို ဆက်လက်ဆောင်ရွက်နေပါကြောင်း။

## အစွမ်းကုန်ကြိုးပမ်းမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် အထူးဒေသ(၁)အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၅)နှစ် စီမံကိန်း၏ ပထမ(၅)နှစ်စီမံကိန်းကို ဝန်ကြီးဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်မှုရခဲ့ပြီဖြစ်ပါကြောင်း၊ ဒုတိယ(၅)နှစ်စီမံကိန်းအောင်မြင်ရေးကိုလည်း ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်များဖြင့် ရည်မှန်းချက်အောင်မြင်အောင် အစွမ်းကုန်ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆက်နွှယ်မှု၊ မူးယစ်ဗဟိုအဖွဲ့လုပ်ငန်းများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်မှု၊ ငွေကြေးနှင့်ပစ္စည်းပံ့ပိုး သုံးစွဲမှု၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းချမှု၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကိန်းဂဏန်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအား နယ်စပ်ဒေသများသို့ သွားရောက်လေ့လာခဲ့ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် မိမိတို့ ဝန်ကြီးဌာနအလိုက် ပါဝင်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ၂၀၀၄ ခုနှစ် မေ ၂၈ရက်က ကျင်းပခဲ့သည့် မူးယစ်ဗဟိုအဖွဲ့အထူးအစည်းအဝေး (၁/၂၀၀၄)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ၏ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးမှုအခြေအနေနှင့် ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်အောင်မြင်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဒေသအလိုက် မူးယစ်ဆေးစွဲလူနာများအား ဆေးဖြတ်ကုသပေးနိုင်မှုအခြေအနေ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့်လေ့ကျင့်သင်ကြားပေးမှု အခြေအနေတို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အခြေခံပညာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးနှင့် ဆေးလိပ်သောက်ခြင်း ဆိုးကျိုးအန္တရာယ်များမှ ကာကွယ်နိုင်ရန် အသိပညာပေးဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်များနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိပါ သိရှိနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က ဘိန်းခင်းများအား ဖျက်ဆီးနိုင်ခဲ့မှုနှင့် မူးယစ်ဆေးဝါးဖမ်းဆီးနိုင်ခဲ့မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ဆက်သွယ်ရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရန် ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

## အကျိုးရလဒ်ကောင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အလျောက် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာက သိရှိအောင် ဆောင်ရွက်ရာ၌ အားနည်းချက်များရှိနေသေးကြောင်း၊ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံကြီးအချို့၏ အဆိုးမြင်သဘောဖြင့် သတင်းဖြန့်ချိမှုများကသာ လွှမ်းမိုးနေဆဲဖြစ်ကြောင်း။

## နိုင်ငံတကာက သိရေး

သို့ဖြစ်၍ မိမိတို့၏ မှန်ကန်သော ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာက တိကျမှန်ကန်စွာသိမြင်စေရအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရသဖြင့် ပိုမိုပင်ပန်းသော်လည်း အမျိုးသားရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သည်ဟု သိမြင်ခံယူထားကြရမှာဖြစ်ကြောင်း။

## အသိအမှတ်ပြု

ယခုအခါတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာသည်ကို နိုင်ငံတကာက အသိအမှတ်ပြုလာရပြီဖြစ်ကြောင်း။

## လျော့နည်းကျဆင်း

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ Criminal Narcotics Centre (CNC) တို့ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းများ ပြုလုပ်ခဲ့ရာ ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ၁၀ ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် မတ်လ အတွင်း မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံသံရုံးမှ ပေးပို့လာသည့် မြန်မာနိုင်ငံအတွက် ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရရှိချက်အရ ဘိန်းစိုက်ပျိုးမှုမှာ ၃၀၈၈၈ ဟက်တာ (၇၅ ၉၈၄ ဒသမ ၄၈က) ရှိပြီး ထွက်ရှိမှုမှာ ၂၉၂ မက်ထရစ်တန်ဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်ကထက် ဘိန်းစိုက်ပျိုးမှုတွင် ၃၄ ရာခိုင်နှုန်းနှင့် ထွက်ရှိမှုတွင် ၃၉ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပြီး ၁၉၉၆ခုနှစ် ဘိန်းထွက်ရှိမှုတန်၂၆၅၀နှင့် နှိုင်းယှဉ်ပါက ၈၉ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းခဲ့ကြောင်း။

ထို့အပြင် UNODC နှင့်ပူးပေါင်း၍ တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူခဲ့ရာတွင်လည်း ၂၀၀၃ ခုနှစ်ထက် ၂၀၀၄ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှုတွင်လည်း ၅၄ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရှိရကြောင်း။

## တက်ညီလက်ညီကြိုးပမ်း

ယင်းသို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းမှာ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားအဖွဲ့အစည်းများစသည့် ပါဝင်ပတ်သက်သူအားလုံး၏ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း။

## ပန်းတိုင်သစ်စီမံကိန်း

မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ်စီမံကိန်း၏ ပထမ(၅)နှစ် စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်နည်းတူ ဒုတိယ(၅)နှစ်စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ ဆက်လက်အောင်မြင်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများမှာ ထုထည်ပမာဏကြီးမားသလို လုပ်ငန်းပမာဏများစွာ ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရာ၌ ဘိန်းစိုက်ပျိုးမှု တားဆီးနှိမ်နင်းရေး၊ ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှိမ်နင်းရေး၊ Precursor Chemicals များတားဆီးရေး၊ စိတ်ကြွဆေးပြားထုတ်လုပ်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တားဆီးနှိမ်နင်းရေးစသည်ဖြင့် ကျယ်ပြန့်သော လုပ်ငန်းအဆင့်ဆင့်တွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

## ဖြည့်ဆည်းပံ့ပိုးပေး

အလားတူပင် ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းရေး၊ ထွက်ကုန်များ ပုံမှန်ဈေးကွက်ရရှိရေးကအစ အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးကြရမှာဖြစ်ကြောင်း။

မူးယစ်ဆေးစွဲသူများကုသရေး၊ ပြန်လည်ထူထောင်ရေး၊ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးမသုံးစွဲစေရေးအတွက် ကြိုတင်ကာကွယ်ပညာပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် AIDS ရောဂါအန္တရာယ် ပညာပေးရေး လုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

## တိုးမြှင့်ဆောင်ရွက်

အလားတူပင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ပြည်တွင်းပြည်ပ NGO များနှင့်ပူးပေါင်းဆောင်မှုများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ ထုထည်ပမာဏကြီးမားပြီး လုပ်ငန်းပမာဏ ကျယ်ပြန့်နက်ရှိုင်းသည့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းအသွယ်သွယ်ကို ဟန်ချက်ညီညီ အောင်မြင်ဖြစ်ထွန်းစေရအောင် စနစ်တကျပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ကြိုးပမ်းဆောင်ရွက်

တစ်ဆက်တည်းမှာပင် နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး မျှော်မှန်းချက်များဖြင့် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# လူတိုင်းအတွက် စာကြည့်တိုက်

စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာနယ်ဇင်းတိုင်း ခေတ်သမိုင်း၊ စာအုပ်ဟူသည် လူတို့ကို ပညာပေးရန်နှင့် စိတ်ဖျော်ဖြေရန်အတွက် လွန်စွာထိရောက်သော လူထုဆက်သွယ်ရေး၊ ကြားခံပစ္စည်းဖြစ်သည်ဟု ဆိုသည်။ စာအုပ်စာပေများသည် ပြည်သူလူထုကို အသိပညာဗဟုသုတ ကြွယ်ဝလာစေသည်၊ ဉာဏ်အမြော်အမြင် ရင့်သန်လာစေသည်၊ အလွယ်တကူ ထိုးထွင်းသိမြင်လာနိုင်စေသည်၊ အတွေးအခေါ် မှန်ကန်ရင့်သန်လာစေသည်၊ စစ်မှန်သော စိတ်ဖျော်ဖြေမှုကို စနစ်တကျ ပေးနိုင်ပါသည်ဟု ပညာရှင်များက ဖွင့်ဆိုထားကြသည်။

ပြည်သူ့အကျိုးပြုစာအုပ်များကို စုဆောင်းထားရှိပြီး စာရှာသူများအတွက်၊ စာဖတ်လိုသူများအတွက်၊ စာအုပ်ငှားလိုသူများအတွက် လိုအင်ဆန္ဒများအား ဖြည့်စွမ်းပေးနေသည့်နေရာကို စာကြည့်တိုက်ဟု ခေါ်ဆိုကြသည်။ ပညာဘဏ်တိုက် စာကြည့်တိုက်ဟုလည်း ဆိုသည်။ စုဆောင်းထားသော စာအုပ်စာတမ်းများကို စာဖတ်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စနစ်တကျစီစဉ်ထားသောနေရာ၊ အသိပညာဖြန့်ဖြူးပေးရာနှင့် အသိပညာဗဟုသုတ ရယူနိုင်သော ဌာနဟုလည်း သတ်မှတ်ကြသည်။ လောက၏ ပြတင်းပေါက်၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီး စွမ်းဆောင်ပေးနိုင်သော နေရာဟု လည်း ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ယနေ့ခေတ်ကာလသည် သတင်းခေတ်ဖြစ်သည်နှင့်အညီ ကမ္ဘာတွင်ရှိ စာကြည့်တိုက်များသည်လည်း စာအုပ်စုဆောင်းထားရာဌာနမှ ဗဟိုသတင်း အချက်အလက်ဌာနများအဖြစ် သတင်းနည်းပညာများကို အသုံးပြု၍ ပြောင်းလဲလာပြီဖြစ်သည်။ သတင်းနည်းပညာနှင့်အညီ လိုက်ပါတိုးတက်ပြောင်းလဲနေသော သတင်းခေတ်တွင် သတင်းအချက်အလက် လောကအတွင်းရှိ လူသားတို့အတွက် လိုအပ်သော အသိပညာ၊ အတတ်ပညာများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များကို တိကျ၊ လျင်မြန်၊ မှန်ကန်စွာ လိုအပ်သောသူများထံ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်းလည်း တွေ့နေရသည်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက ပါဝင်လျက်ရှိသော စာကြည့်တိုက်၏ အခန်းကဏ္ဍကို အခြားသောကဏ္ဍများနှင့် အတူ ဟန်ချက်ညီညီဖြင့် အတူတကွ ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့မြင်နေရသည်။ သို့ပါ၍ စာကြည့်တိုက်များ၏ အခန်းကဏ္ဍများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဆောင်ကြဉ်း ပေးလျက်ရှိနေသည်ဟု ဆိုရပါမည်။

စာကြည့်တိုက် အမျိုးအစားများအနေဖြင့် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်နှင့် ကောလိပ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့် တိုက်ဟူ၍ လေးမျိုးတွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံရှိ ပြည်သူ့စာကြည့်တိုက်များအနက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းလက်အောက်ရှိ 'စာပေဗိမာန် စာကြည့် တိုက်'သည် အဆင့်အမြင့်ဆုံး၊ အကြီးမားဆုံးသော စာကြည့်တိုက် ဖြစ်သည်။ ရန်ကုန်ရှိ စာပေဗိမာန်စာကြည့်တိုက်သည် လူစည်ကားရာ နေရာ၊ လူအများ လာရောက်ရန် လွယ်ကူသော နေရာဖြစ်သည့် ရန်ကုန်မြို့လယ် ကုန်သည်လမ်း ပေါ်တွင်ရှိ စာပေဗိမာန်အဆောက်အအုံ၌ ၁၉၅၆ခုနှစ် မတ်လ ၁၃ရက်နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရပြီး ယခုအခါတွင် e-Library အဆင့်သို့ ပီပီပြင်ပြင် ရောက်ရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။ မန္တလေး စာပေဗိမာန်စာကြည့်တိုက်ကိုလည်း မန္တလေးမြို့လယ်ရှိ ရတနာပုံဈေးသစ်ကြီး၏ ဒုတိယထပ်တွင် ၂၂-၃-၂၀၀၁ရက်နေ့က စတင် ဖွင့်လှစ်ထားပြီး ဖြစ်သည်။ ရည်ညွှန်း စာဖတ်ခန်းကို အဆိုပါ စာပေဗိမာန် စာကြည့်တိုက်နှစ်ခုတွင် သီးသန့်ထားရှိပေးထားရာ စာပေလေ့လာလိုသူများ အနေဖြင့် ဘာသာရပ်အလိုက် လိုအပ်သော စာပေများကို ရွေးချယ်လေ့လာဖတ်ရှု ကူးယူနိုင်ခွင့်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးကိုရှေးရှုပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးများ၌ ပြည်သူ့ စာကြည့်တိုက်များကို ဖွင့်လှစ်ထားရှိခဲ့ပြီးဖြစ်ရာ ပြည်သူများအတွက် နေရာတိုင်း တွင် စာအုပ်၊ စာစောင်များကို အခမဲ့ဖတ်ရှုနိုင်ရန် အခွင့်အရေးများ ရရှိနေခဲ့ပြီ ဖြစ်သည်။ ထို့ပြင် နယ်လှည့်စာကြည့်တိုက်အဖြစ် ကျေးရွာများသို့ပါမကျန် လှည့်လည်သွားလာ၍ ပြည်သူ့လက်ဝယ်သို့အရောက် စာအုပ်များကို ပို့ဆောင် ဖတ်ရှုစေသဖြင့် ကျေးလက်နေပြည်သူများအတွက် စာပေဖတ်ရှုရန် အခွင့်ကောင်း များကို ရရှိနေပေသည်။ 'လူတိုင်းအတွက် စာကြည့်တိုက်'အဖြစ် တည်ထောင် ပေးနေခြင်းဟုလည်း ဆိုရပါမည်။

ထို့ပြင် ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်ကို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့မြင်ဖတ်ရှုနေရပါသည်။

ဤသို့ဖြင့် **ကျေးရွာလူထုပါမကျန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းလုပ်ဆောင်ချက်ကို မြင်တွေ့ နေရပေရာ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွက်လာရေးအတွက် လူတိုင်းလူတိုင်း ဝိုင်းဝန်းကူညီကြမှသာ ရည်မှန်းချက် ကို အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။**

**မြင့်သိန်းအောင်**

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ စာပေဗိမာန်စာကြည့်တိုက်များ သည်လည်းကောင်း၊ ခရိုင် / မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများ၏ စာကြည့်တိုက်များသည်လည်းကောင်း ပြည်သူအများကို စာကြည့်တိုက်များဆီသို့ ဆွဲဆောင် ခေါ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ ကြသကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ၏ ကျေးရွာအနှံ့ သွားရောက်ဖွင့်လှစ်ပေးနေကြသည့် နယ်လှည့်စာကြည့်တိုက်များသည် ပြည်သူ့ လက်ဝယ်သို့ အရောက် စာအုပ်များကို ပို့ဆောင် ဖတ်ရှုစေလျက်ရှိခဲ့ရာမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာအုပ်စုတိုင်းတွင် တည်ထောင် ဖွင့်လှစ်ရေးအတွက် ယခုတစ်ဆင့်တိုးဆောင်ရွက်မှုကို တွေ့ရှိရပေရာ အလွန်ပင် အားရဝမ်းသာဖွယ်ရာပင် ဖြစ်သည်။

## ကျေးရွာလူထုပါမကျန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေး ဝန်ကြီးဌာန၏ ကြိုးပမ်းလုပ်ဆောင်ချက်ကို မြင်တွေ့နေရပေရာ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွက်လာရေးအတွက် လူတိုင်းလူတိုင်း ဝိုင်းဝန်း ကူညီကြမှသာ ရည်မှန်းချက်ကို အမြန်အကောင်အထည်ဖော်နိုင်မည် ဖြစ်ပေသည်။

ပြည်သူ့စာကြည့်တိုက်ကောင်းတစ်ခုတွင် ပြည့်စုံရမည့်အင်္ဂါရပ်များကို 'B'ငါးလုံး'Book,'Building,'Brain, Budget, Borrower'ဟူ၍ ပညာရှင် များက သတ်မှတ်ထားခဲ့ကြသည်။ ဆိုလိုသည်မှာ ပြည်သူ့စာကြည့်တိုက်များတွင် စာအုပ်များ ပြည့်စုံလုံလောက်စွာ ရှိရမည်၊ ပြည်သူအများ အလွယ်တကူ သွားရောက်နိုင်သော နေရာတွင် စာကြည့်တိုက်အဆောက်အအုံရှိရမည်၊ စာကြည့် တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများကို ကျွမ်းကျင်ပြီး စာပေစေတနာရှိသော ဝန်ထမ်းများရှိရမည်၊ စာကြည့်တိုက်အတွက် စာအုပ်များဝယ်ယူနိုင်ရန် ဘဏ္ဍာငွေ ရှိရမည်၊ စာအုပ်ငှားရမ်းဖတ်ရှုမည့် စာဖတ်သူများ ရှိရမည်ဖြစ်သည်။

ထိုနေရာတွင် စာအုပ်များရရှိရေးအတွက် ရေရှည်ဝယ်ယူရန် ငွေကြေး အခက်အခဲ ရှိနိုင်သည်ဖြစ်ရာ လှူဒါန်းခြင်းဖြင့် စာအုပ်စုဆောင်းခြင်း နည်းလမ်း သည်သာ လက်တွေ့အမှန်တကယ် ထိရောက်အသုံးဝင်နိုင်သည်။ ပညာအလှူ ဒါနပြုလိုသူများ သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများတွင် အများအပြားရှိနေသည် ဖြစ်ရာ ဆော်ဩသူများ၊ တာဝန်ရှိသူများက စေတနာ၊ သဒ္ဓါတရား ထက်သန် စွာဖြင့် ခွဲလုံ့လကို လက်ကိုင်ပြုကာ စည်းရုံးရယူလုပ်ဆောင်သွားရန် လိုသည်။ စာကြည့်တိုက်တစ်ခု ဖွင့်လှစ်ပြီးပါက ရေရှည် တည်တံ့ တိုးတက်ဖွံ့ဖြိုးရေး အတွက်ကို ဇောက်ချလုပ်ကိုင်ရပါလိမ့်မည်။ ထိုသို့ လုပ်ကိုင်ရာတွင် စာပေဝါသနာ ပါသူ ပညာဒါနပြုလိုသူ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူများပါဝင်ပြီး စနစ်တကျ အဖွဲ့ဖွဲ့၍ ဆောင်ရွက်သင့်သည်။ စာအုပ်စာစောင် ဝယ်ယူဖတ်ရှု သူများသည် ဖတ်ရှုပြီးပါက အချို့က ရေရှည်သိမ်းပြီး၊ အများစုအနေဖြင့်မူ အိမ်တွင် ချောင်ထိုးထားခြင်းနှင့် ကုန်ထုပ်စက္ကူစသည့် အခြားသော လုပ်ငန်းများ တွင် အသုံးပြုခြင်းများကို ဆောင်ရွက်တတ်သည့် သဘောသဘာဝရှိပေရာ တစ်ပတ်တစ်ကြိမ်၊ သို့မဟုတ် တစ်လတစ်ကြိမ် ရက်သတ်မှတ်၍ အလှူခံထွက် စုဆောင်းနိုင်ပါက စာအုပ်စာစောင်များကို မလွဲမသွေ ရရှိနိုင်ပေသည်။ စာကြည့်တိုက်သို့ လာရောက်လှူဒါန်းရန်မှာ အကြောင်းအမျိုးမျိုးကြောင့်ပျက်ကွက် နိုင်သဖြင့် အိမ်တိုင်ရာရောက် လှည့်လည်သွားရောက် အလှူခံသည့် စနစ်ကို လည်း ကျင့်သုံးသင့်ပါသည်။ စာကြည့်တိုက် ဖြစ်ပေါ်လာသည့်တိုင် စာလာ ဖတ်သူ၊ စာငှားဖတ်သူများရှိမှသာ အကျိုးရှိနိုင်မည်ဖြစ်ရာ ကျေးရွာစာကြည့်တိုက် များအနေဖြင့် ကျေးရွာအုပ်စု အတွင်းရှိသည့် ပညာတတ်မှု အဆင့်လိုက် ရာခိုင်နှုန်းများအပေါ် အခြေခံ၍ အများစုဖတ်ရှုနိုင်ရန် သင့်လျော်မည့် စာအုပ် အမျိုးအစားများကို ပိုမိုစုဆောင်းထားသင့်သည်။ အခြေခံပညာသာ တတ်မြောက် သည့် ပြည်သူအများစုအတွက် အဆင့်နှင့်အညီ စာဖတ်နိုင်ရန် သင့်လျော်မည့် စာအုပ်စာစောင်အမျိုးအစားများ ပိုမိုထွက်ရှိလာရေးကိုပါ ဆော်ဩတိုက်တွန်း သွားသင့်သည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ သက်ကြီး စာတတ်မြောက် သူဦးရေမှာ ၉၃ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ဟု သိရပေရာ အခြေခံအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စသည်ဖြင့် မိမိကျေးရွာ အုပ်စုအလိုက် စာတတ်မြောက်မှုဦးရေကို တွက်ချင့်၍ ပညာအခြေခံအလိုက် ဖတ်ရှုနိုင်မည့် စိတ်ပါဝင်စားမှုကောင်းပြီး ပညာလည်းရနိုင်သော စာအုပ်စာပေများကို ရာခိုင်နှုန်းခွဲ၍ စုစည်းထားရှိပေးသင့်ပေသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာဘဏ်တိုက်စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ် ပေးလျက်ရှိရာ Bringing the library to the people & bringing the people to the library ဆိုသည့်အတိုင်း လူတိုင်းစာဖတ်နိုင်ရန်အတွက် ရန်ကုန်၊ မန္တလေး၊ စာပေဗိမာန် စာကြည့်တိုက်၊ ခရိုင် / မြို့နယ်အလိုက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်၊ နယ်လှည့် စာကြည့်တိုက် များအပြင် ယခု ကျေးရွာ အုပ်စုတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိရန်အတွက် စီမံလုပ်ဆောင်လျက်ရှိပေသည်။ ယင်းသို့သော အခြေအနေ အချိန်အခါတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အမြန်ဆုံးအကောင် အထည်ပေါ်လာရေး၊ အကောင်အထည် ပေါ်လာသော စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ လူတိုင်းလူတိုင်း ပညာအခြေခံပေါ် မူတည်ပြီး သင့်လျော်ရာ၊ စိတ်ပါဝင်စားဖွယ်ရာ စာပေမျိုးစုံတို့ကို ဖတ်ရှုလေ့လာ နိုင်ရေးတို့အတွက် ဝန်ထမ်းများ၊ စာပေပညာရှင်များ၊ ထုတ်ဝေ သူများ၊ ပညာဒါနပြုလိုသူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ် ရပ်ကွက်ကျေးရွာများရှိ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြရန် ဖြစ်ပေသည်။

အလိမ္မာ စာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ ဆိုသည့်အတိုင်း မြန်မာနိုင်ငံ သားအားလုံး ပညာဗဟုသုတများ ရရှိကာ အသိမှန်၊ အမြင်မှန်၊ အတွေးအကြံမှန်၊ အလုပ်မှန်နိုင်ကြစေဖို့ လူတိုင်းလူတိုင်း လိမ္မာယဉ်ကျေး၍ အမျိုးကောင်းသား အမျိုးကောင်းသမီးများဖြစ်ကြစေဖို့ ကျေးရွာအုပ်စုတိုင်းတွင် စာကြည့်တိုက်များ ထူထောင်ကြပါစို့၊ ပြည်သူအများကလည်း ပညာဒါနအဖြစ် စာအုပ်စာစောင်များ အပါအဝင် အဘက်ဘက်က ဝိုင်းဝန်းကူညီအားပေး လှူဒါန်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။
* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၃၁၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာတိုင်း၌ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရန်စီစဉ်နေ
# ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ခြင်းသည် နိုင်ငံနှင့်ပြည်သူအတွက်အမှန်လိုအပ်
# ကျေးလက်ပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်၍ စာကြည့်တိုက်ပေါင်း ၈၃၁၇ခုဖွင့်လှစ်ပြီးဖြစ်

ရန်ကုန် စက်တင်ဘာ ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ အလှူရှင်များ၊ စာရေးဆရာ ဆရာမကြီးများနှင့် ဖိတ်ကြားထားသော အလှူရှင်များ တက်ရောက်ကြသည်။

## စာကြည့်တိုက်များဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အမြဲလေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေခြင်းများ ရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာဖြစ်သော ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ရေးကို ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တာဝန်ယူ၍ ပထမအဆင့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ ခုတွင် ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပြည်သူများ ကိုယ်တိုင်က တက်ကြွစွာပါဝင်လှုပ်ရှားကြခြင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကူညီပံ့ပိုးခြင်းတို့ကြောင့် မူလက ကျေးလက်စာကြည့်တိုက် ၄၀၀၀ ခန့်သာရှိခဲ့ရာမှ ယခုအခါ ၈၃၁၇ခု ဖွင့်လှစ်ပြီးပြီဖြစ်ကြောင်း။

## ပြည်သူများကိုယ်စားကျေးဇူးတင်

ယခုနှစ်တွင် ကျေးရွာအုပ်စုအလိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၁၆၁ ခု ဆက်လက်ဖွင့်လှစ်ရန် လိုအပ်သေးကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း ခွင့်ပြုငွေဖြင့် စာအုပ်များ ထပ်မံဝယ်ယူ ဖြည့်တင်းရန် ဆောင်ရွက်ထားပါကြောင်း၊ ယခုကဲ့သို့ အလှူရှင်များကလည်း ပူးပေါင်းပါဝင်လာကြသဖြင့် နိုင်ငံတော်နှင့် အများအပြား ဖွင့်လှစ်သွားရန်နှင့် ဒုတိယအဆင့်အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် နိုင်ငံအတွင်းရှိ ကျေးရွာ အားလုံး ၃၀၀၀၀ ကျော်၌ ဆက်လက် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာတမ်းများကို ဖြစ်နိုင်သည့်အဆင့်မှ စတင်ပြီး ဖွင့်လှစ်ဆောင်ရွက်၍ တဖြည်းဖြည်း ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ကလည်း စာအုပ်စာတမ်းများ ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ အလှူရှင်များက ငွေပဒေသာပင်များနှင့် စာအုပ်စာတမ်းများ လှူဒါန်းခြင်းနှင့်ကျေးလက်ဒေသ ကျေးလက်ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဤကဲ့သို့ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်များ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးတက်ဖြစ်ပေါ်လာပြီး ကျေးလက်ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ရရှိကာ လူ့စွမ်းအား အရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ငွေပဒေသာပင် လှူဒါန်းငွေများကိုလည်း စာအုပ်စာတမ်း ဝယ်ယူရေးအတွက်သာ အဖွဲ့ဖြင့် စနစ်တကျ စိစစ်သုံးစွဲသွားမည်ဖြစ်ပါကြောင်း။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရေးသည် နိုင်ငံနှင့်ပြည်သူအတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းဖြစ်သဖြင့် ယခုကဲ့သို့ စေတနာရှင်ပြည်သူများက စေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ပါက မလွဲမသွေအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ငွေ၊ စာအုပ်များ လှူဒါန်းခြင်းသာမက လိုအပ်သည့် အကြံဉာဏ်များလည်း ပေးနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က စေတနာရှင် အလှူရှင်များက ယနေ့ထိလှူဒါန်းမှု အခြေအနေ၊ စာအုပ်စာတမ်းများ ဝယ်ယူဖြည့်တင်းပေးနေမှုအခြေအနေ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ငွေပဒေသာပင်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်းမိသားစုက ငွေပဒေသာပင် အဖြစ် ကျပ်၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်(ကိုယ်စား) ငွေကျပ် ၂၀၀၀၀၀၊ သီဟာသုဓမ္မဇောတိကဓဇ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးတင်အောင်စိန် (ဖောင်ဒေးရှင်း)က ငွေကျပ် ၂၀၀၀၀၀၊ High Tech Concrete Co., Ltd. ကငွေကျပ် ၂၀၀၀၀၀၊ ဦးဟန်သိန်းလွင် (High Tech Concrete Co., Ltd, Director)က ငွေကျပ် ၁၀၀၀၀၀၊ ဦးကျော်သောင်း-ဒေါ်မြမြဝင်း၊ သားမောင်ဥက္ကာကျော် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကွယ်လွန်သူဦးစောလွင် ကိုယ်စား မယုယုမော်က ငွေကျပ် ၉၄၀၀၀၊ မြဝတီပုံနှိပ်တိုက် ပုံနှိပ်အရာရှိ ဦးသိန်းထွန်းက ငွေကျပ် ၅၀၀၀၀၊ ပန်းဘဲတန်းမြို့နယ်မှ ဦးစုဖော-ဒေါ်ခင်စိန် မိသားစုက ငွေကျပ် ၂၀၀၀၀၊ ပုဇွန်တောင်မြို့နယ်မှ ဦးတင်ဦး-ဒေါ်အုန်းမြင့်မိသားစုက ငွေကျပ်၁၅၀၀၀၊ လှိုင်မြို့နယ်မှ ဖိုးဇာသဲအောင်က ငွေကျပ်၂၀၀၀၀၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်က ငွေကျပ် ၁၀၀၀၀၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် သတင်းစာတိုက်များမှ ဒုတိယအကြိမ် မြောက်လှူဒါန်းသည့် စာအုပ် ၁၅၀၀၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အကြံပေးပုဂ္ဂိုလ် ဦးတင်ခက စာအုပ် ၅၅အုပ်၊ စိတ်ကူးချိုချို စာအုပ်တိုက်မှ ဦးစန်းဦးက သုတ၊ ရသစာအုပ် ၄၀၀၀၊ ဦးဖေယျာမြတ်ခိုင်က မဟာဂျာနယ် ၂၂၈၇၆၊ အားမာန်သစ် စာပေမှ ဦးညိုမှိုင်းက သုတ၊ရသစာအုပ် ၁၀၀၀၊ မအူပင်တက္ကသိုလ် မဂ္ဂဇင်းကော်မတီ အတွင်းရေးမှူးဦးဝင်းမြင့်က တက္ကသိုလ် မဂ္ဂဇင်း ၁၀၀၀၊ ပန်အောင်စာပေမှ ဦးအောင်လှက သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းနှင့် လပြည့်ဝန်းမဂ္ဂဇင်း ၂၁၂၀၊ ပုဂံစာအုပ်တိုက်မှ ဒေါ်ခိုင်ခိုင်ဦးက သုတ၊ ရသစာအုပ် ၂၈၆အုပ်၊ စာရေးဆရာမ ရှုပါသိမ်းက သုတ၊ ရသ စာအုပ် ၉၀၀၊ ဦးမြင့်ထွန်း-ဒေါ်ခင်မာရွှေက လုံးချင်းဝတ္ထုနှင့် မဂ္ဂဇင်း ၇၆၀၊ ဗိုလ်မှူးမြသန်းစံ (အငြိမ်းစား)က သုတ၊ ရသစာအုပ် ၈၁၁အုပ်၊ ဦးစိန်ဝင်း-ဗိုလ်ကြီးချိုချိုသန်း၊ သမီး မသက်နွယ်ဝင်းက လေဖြတ်ခြင်း အကြောင်း အခြေခံသိကောင်းစရာများနှင့် သုတေသနပြုစုစောင့်ရှောက်နည်း များစာအုပ် ၂၀၀၊ မဟာပိန္နဲစာပေမှ ဒေါ်မြင့်မြင့်အေးက မဂ္ဂဇင်းစုံ၊ဂျာနယ်စုံ ၁၆၆၄ စောင်နှင့် ဘဝတည်ဆောက်ခြင်းနှင့် ခိုင်မာသောဆုံးဖြတ်ချက် စာအုပ် ၅၀၀၊ အသောကစာပေတိုက်မှ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး) မြောင်းမြဒေါ်စိန်စိန်တို့က ဖခင်ကောင်းတစ်ယောက်ဖြစ်ဖို့သားများသို့ စာအုပ် ၁၀၀နှင့် ရတနာပုံစာအုပ်တိုက်မှ ဦးမင်းထွဋ်မင်းက သုတ၊ရသ စာအုပ်၁၁၆အုပ်တို့ကိုပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ဦးဟိန်းဇေက မဂ္ဂဇင်း အုပ် ၃၀၀၊ သုတေသနကျမ်းပြုစာရေးဆရာ ရွှေနဂါးတင်ဝင်းက သုတ၊ ရသစာအုပ် ၃၄၀၊ လင်းရတနာစာပေတိုက်မှ ဦးမြတ်လင်းရွှေက ကုန်းဘောင်ခေတ် မြန်မာ့လူမှုအဖွဲ့အစည်းနှင့် တရားမှုခင်းများစာအုပ်၅၀၊ ဦးဟိန်းမိုးမြင့်လွင်က ရက်၂၀၀စစ်ပွဲ စာအုပ် ၉၀၊ လဝန်းသစ်စာပေမှ တွဲဖက်ပါမောက္ခ ဒေါ်စိန်စိန်သန်းက သုတ၊ ရသစာအုပ်၁၇၀၊တံခွန်စာပေမှ ဒေါ်အေးအေးထွန်းက သမိုင်းကိုဖန်တီးသူများ အုပ် ၅၀၊ ဦးသိန်းလွင် (အင်္ဂလိပ်စာ)က မဂ္ဂဇင်းဂျာနယ် ၃၆၇၅၊ ဒေါ်အေးအေးမော်က မဂ္ဂဇင်း၊ ဂျာနယ် ၂၀၀၊ ဦးလှနိုင်က အလိမ္မာပုံပြင်များ ၆၅အုပ်၊ ဒေါ်ခင်သာထက်က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၂၂၄စောင်၊ S.S.A.Aဆန်၊ဆီမိသားစုက မဂ္ဂဇင်းစုံ ၁၀၅ အုပ်၊ ဦးလှမြင့်အောင်က မဂ္ဂဇင်း ၃၆၀၊ တွတ်ပီစာအုပ်တိုက်မှ ဒေါ်ငုဝါက သောကြာမဂ္ဂဇင်းနှင့် တွတ်ပီဂျာနယ် ၄၀၀၊ ဦးသက်နိုင်က ဂျာနယ်၊ မဂ္ဂဇင်း၊ သုတ ၂၄၀၊ ဦးသန်းလွင်က မဂ္ဂဇင်း၊စာစောင်၄၇၄စောင်၊ ဦးမျိုးလှိုင်နှင့်မသီတာငြိမ်းမိသားစုက သုတ၊ရသ စာအုပ် ၁၇ အုပ်၊ သိပ္ပံမှူးတင်က သိပ္ပံမဂ္ဂဇင်း ၃၀၀ ၊ ဒေါ်ညွန့်ရီက ဂျာနယ်၊ မဂ္ဂဇင်း ၂၀၆ စောင်၊ ဒေါက်တာတင်ထွန်းဦး(သုတစွယ်စုံစာအုပ်တိုက်) က အာရောဂျံမဂ္ဂဇင်း ၁၂၅ အုပ်၊ ပြိုးစာပေမှ ဒေါ်ပြိုးပြိုးခင်က စာရေးဆရာမင်းကျော်၏ ပုဂံသားစာအုပ် ၆၀၀၊ ဒေါ်ညွန့်ရီ (နေစဲလ်ဆေးတိုက်)က ငွေကျပ် ၂၀၀၀၀၊ ဒေါ်အေးအေးမြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)က ငွေကျပ် ၅၀၀၀၀၊ ဦးကျော်တင်(အောင်ချမ်းသာဆောက်လုပ်ရေးနှင့် ကလန့်မျိုးစုံရောင်းဝယ်ရေး)က ငွေကျပ် ၂၀၀၀၀၊ ဦးအောင်သိန်းဝင်း-ဒေါ်နီလာစိန် (နဂါးမင်းပွဲရုံ-ဘုရင့်နောင်)တို့က ငွေကျပ် ၂၀၀၀၀နှင့် ဒေါ်ညွန့်ညွန့်ဝင်း (ကျောက်တံတားမြို့နယ်)က ငွေကျပ် ၂၀၀၀၀ တို့ကိုပေးအပ်လှူဒါန်း ကြရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များ၏ ယနေ့လှူဒါန်းမှုမှာ အလှူရှင် ၁၈ဦးတို့က ငွေပဒေသာပင် အလှူငွေကျပ် ၃၉၈၉၀၀၀နှင့် စာအုပ် စာစောင် မဂ္ဂဇင်း အလှူရှင် ၃၆ ဦးတို့က ငွေ ၇၈၅၇၇၅ကျပ် တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၄၆၇၈၅ အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ ယနေ့လှူဒါန်းသော ငွေပဒေသာပင်နှင့် စာအုပ်တန်ဖိုး စုစုပေါင်းမှာ ငွေ ၁၁၈၇၄၇၇၅ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ အသောကစာပေတိုက်မှ ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ)က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

25-9 (11).p65 1 24.03.1905, 11:14 PM

# ကော့သောင်းမြို့ ခရိုင်အဆင့်ဆေးရုံသစ်ကြီးတည်ဆောက်မှု ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်ဆေး တိုင်းရင်းသားလုပ်ငန်းရှင်များ၏အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းနှင့်ရော်ဘာစိုက်ခင်းများ ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၂၄

**တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကော့သောင်းခရိုင် ကော့သောင်းမြို့ မဋ္ဌူသကခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် ခမောက်ကြီးမြို့ရှိ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းဆီကြိမ်းစက်ရုံဆောက်လုပ်နေသာ နေရာသို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ဘုရင့်နောင်ခန်းမ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆီအုန်းပင်များ နှစ်အလိုက်စိုက်ပျိုးပြီးစီးမှုနှင့်လျာထားချက်၊ ဆီကြိမ်းစက်ရုံတည်ဆောက်ရန် မြေနေရာရွေးချယ်မှု၊ နိုင်ငံခြားသားပညာရှင်များထံမှ နည်းပညာရယူမှု၊ စက်ပစ္စည်းများ မှာယူရောက်ရှိမှု၊ လက်ရှိလုပ်သားဦးရေနှင့်လုပ်သားလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးရဲမောင်၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကြည်ရှိန်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ခရိုင်မန်နေဂျာဦးစန်းအောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးမြင့်သိန်းနှင့် စီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဌေးတို့က မိမိတို့နှင့်သက်ဆိုင်ရာ ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက မိုးစပါးစိုက်ပျိုးမှု သတ်မှတ်ဧကပြည့်မီရေး၊ မွေးမြူရေး၊ သားငါးထုတ်လုပ်မှု၊ သတ္တုကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကော့သောင်းခရိုင်အတွင်း လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အောင်မြင်အောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုကို စက္ကူပေါ်တွင်သာ ဆောင်ရွက်မှုမပြုလုပ်ဘဲ တကယ်လက်တွေ့ အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ ဌာနတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်ကြရန်၊ အုပ်ချုပ်ရေးယန္တရားမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးရန်၊ အခက်အခဲများကို အဆင့်ဆင့်တင်ပြ အထောက်အကူရယူဆောင်ရွက်၍ မိမိ၏စီမံကိန်းများကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကော့သောင်းခရိုင်၏ မြေအသုံးချမှုမှာ ယခင်နှစ်က လယ်မြေ၁၀၃၀၉ဧကရှိပြီး လုပ်မြေ ၄၈၅၃ဧက ရှိခဲ့ရာမှ ယခုနှစ်တွင် လယ်မြေ ၁၁၄၃၃ဧက ရှိလာပြီး လုပ်မြေမှာ၃၇၂၉ဧက ဖြစ်သည်။ ကျန်ရှိသော လုပ်မြေ ၃၇၂၉ ဧက အပါအဝင်စိုက်ပျိုး၍ရရှိနိုင်သောမြေများကို ပြန်လည်ဖော်ထုတ်ပြီး ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးစီမံ ဆောင်ရွက်မည်ဖြစ်သည်။

ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၃၂၄၇၈ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ရာ ၃၂၅၁၆ဧက စိုက်ပျိုးနိုင်ခဲ့သည်။ တစ်မိုးနှစ်သီးစပါးစိုက်ပျိုးနိုင်ရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နွေစပါးဧက၅၀၀ စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

### အထွက်နှုန်းတိုးတက်ရေး

ယခုနှစ်တွင် မိုးစပါး၊ နွေစပါး၊ မျိုးအလေအလွင့်မပါ တင်း ၁၈ ဒသမ ၄၉ သိန်းထွက်ရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည့်အတွက် ဒေသဝမ်းစာ ၁၀၃ ဒသမ ၁၈ ရာခိုင်နှုန်း ဖူလုံလာမည်ဖြစ်သည်။ ထို့အပြင် စိုက်ဧကတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆီအုန်းစိုက်ပျိုးရေးအနေဖြင့် ယခုနှစ်တွင် ၁၆၃၃၆ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယခုအထိ ၁၆၃၂၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ကော့သောင်းခရိုင်အတွင်း ကုမ္ပဏီခုနစ်ခုမှ ၈၇၅၆၄ဧကနှင့် နိုင်ငံပိုင်၇၉၃၈ဧက စိုက်ပျိုးပြီးဖြစ်သကဲ့သို့ ဆက်လက်၍ ဧက၃၆၅၀၀စိုက်ပျိုးရန် လျာထားချက်အတွက် ကုမ္ပဏီငါးခုမှ ပျိုးပင်၂၇၆၈၀၀၀ကို ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်း-ဘုတ်ပြင်းလမ်းပေါ်တွင် တံတားများဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ယခုနှစ်တွင် ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအချိန်ထိ ဧက၅၈၀ စိုက်ပျိုးပြီးဖြစ်သည်။ ကော့သောင်းခရိုင်အတွင်း စိုက်ပျိုးပြီးရော်ဘာစုစုပေါင်းမှာ ၃၀၉၄ဧက ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် VES°°Groupကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် ကော့သောင်း-ဘုတ်ပြင်းလမ်းအရှည် ၁၄၂ဒသမ၅ မိုင်အနက် ၄၇ ဒသမ ၇၅ မိုင်ကို နိုင်လွန်ကတ္တရာခင်းပြီး ဖြစ်သကဲ့သို့ တည်ဆောက်ရမည့် ကွန်ကရစ်တံတားအစင်း၅၀အနက် တံတား၃၃စင်းကို တည်ဆောက်ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ ခရိုင်အဆင့် ဆေးရုံသစ်ကြီးသို့ရောက်ရှိကြသည်။

### ဆေးရုံသစ်တည်ဆောက်ရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များအား ဆေးရုံသစ်ခန်းမ၌ ဆေးရုံအုပ် ဒေါက်တာလေးကျော်က ဆေးရုံ၏တည်နေရာ၊ အကျယ်အဝန်းနှင့် ဆေးရုံ၏သမိုင်းကြောင်းကိုလည်းကောင်း၊ သူဌေးကျွန်း အပန်းဖြေဟိုတယ် Andaman Club Co., Ltd. မန်နေဂျာ ဦးညွန့်လှိုင်က ဆေးရုံသစ်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသစ် မြေညီထပ်ရှိ အရေးပေါ်ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသ လူနာခန်း၊ သူနာပြုခန်း၊ သန့်စင်ခန်း၊ ခွဲစိတ်လူနာဆောင်၊ Septic Room၊ အဝတ်လဲခန်း (Changing Room)၊ခွဲစိတ်ခန်း၊ လက်သန့်စင်ခန်း (Scrub Room)နှင့် သားဖွားခန်းတို့ကို လည်းကောင်း၊ပထမထပ်ရှိ ဖျားနာလူနာဆောင်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### ဆီအုန်းစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့မှ ဆက်လက်ထွက်ခွာလာရာ ကော့သောင်း-ဘုတ်ပြင်းလမ်း ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ရှိ "တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာရမည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အကျိုးနှင့် မိမိတို့၏အကျိုးကို ရည်မျှော်ပြီး စိုက်ပျိုးထားသည့် တိုင်းရင်းသား ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များ၏ အောင်မြင်ဖြစ်ထွန်း နေသော ဆီအုန်းစိုက်ခင်းများနှင့် ရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ တိုင်းရင်းသား ဆီအုန်း စိုက်ပျိုးရေး လုပ်ငန်းရှင် ဦးဌေးမြင့်၏ ယုဇနဆီအုန်း စိုက်ပျိုးရေးစီမံကိန်း၏ ဆီအုန်းစိုက်ခင်းတို့ကို လည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ခမောက်ကြီးမြို့သို့ ရောက်ရှိသည်။

### ကော့သောင်း-ဘုတ်ပြင်း လမ်းအပိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် VES Group Co. က တာဝန်ယူဖောက်လုပ်လျက်ရှိသော ကော့သောင်း-ဘုတ်ပြင်း လမ်းအပိုင်း လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၆၀)နှင့် (၉၆)မိုင်ရှိ တံတားဟောင်းများနေရာတွင် စက်ယန္တရားများဖြင့် ကွန်ကရစ်တံတား တည်ဆောက်နေမှု လုပ်ငန်းများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်း-ဘုတ်ပြင်းလမ်း မိုင်တိုင်အမှတ် (၈၈)ရှိ အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်၏ ဆီအုန်းပျိုးခင်းနှင့် စိုက်ခင်းများကို ကြည့်ရှုအားပေးကြသည်။

### ဒေသဝမ်းစာဖူလုံရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်း-ဘုတ်ပြင်းလမ်း လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ရှိ တိုင်းရင်းသား ဆီအုန်းလုပ်ငန်းရှင်များ၏ ဆီအုန်းပျိုးခင်းနှင့် ဆီအုန်းစိုက်ခင်းများ၊ ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးထားသည့် မိုးစပါးများနှင့် ရော်ဘာစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းနှင့်လေညှာကြား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြုပြင်နေသည့် လမ်းအပိုင်းကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှုတို့အပေါ် ပို၍ကောင်းမွန်ရန် ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမြင့်ပေ ၅၃၈၀ ရှိသည့် ပွိုင့် (၁၀၂၀)ကုန်းသို့ ရောက်ရှိကြပြီး တောင်ကုန်းအတက်လမ်း မတ်စောက်မှုကို ဖြေချနိုင်ရန်နှင့် လမ်းအကျယ်ချဲ့ရန်အတွက် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် မြိတ်ခရိုင် တနင်္သာရီမြို့နယ် ချောင်းနောက်ပြန်အရပ်ရှိ ထူးထရေဒင်း ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား စီမံကိန်းဒါရိုက်တာ ဒေါက်တာမောင်မာက စိုက်ပျိုးရန် မြေနေရာရရှိမှုနှင့် မြေနေရာ ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်နေမှုအခြေအနေ၊ အကြိုပျိုးခင်းနှင့် ပျိုးခင်းကြီးပြင်ဆင်ထားရှိမှု အခြေအနေ၊ စက်ယန္တရားရရှိသုံးစွဲမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထိုတင်ပြချက်များအပေါ်တွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးမြရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**



## ပန်းအလှပြုပြင်မှု သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးကျင်းပသည့် ဗဟန်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။**(ဝဲအပေါ်ပုံ)** ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဆုရရှိသူများအား ဆုချီးမြှင့်သည်။ **(မြန်မာ့အလင်း)**




## ဆုချီးမြှင့်

**ကြည့်မြင်တိုင်မြို့နယ် အမက (၆)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၈ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဖေမာန်က မြို့နယ်ဘက်စုံ ပထမဆုနှင့်စတုတ္ထတန်း ပထမဆုရ မသီသီစန်းအား ဆုချီးမြှင့်စဉ်။** (က-ပ)

25-9 (12).p65 1 24.03.1905, 11:15 PM

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု (ရတခ)ဇုန် မော်လမြိုင်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု (နတခ)ဇုန် ပုသိမ်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု (နမခ)ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ဆယ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေပြည်ဟိန်းဆရာတော် တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ်အလှူအသင်း၏ ပဓာနနာယက ဆရာတော် ပိဋကတ်တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသိရီလင်္ကာရသည် တော်သလင်းလပြည့်နေ့ (ဂရုဓမ္မအခါတော်နေ့) စက်တင်ဘာ ၂၈ရက် မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ည၇နာရီတွင် တပ်မတော်ဆေးရုံကြီး၊ စက်တင်ဘာ၃၀ရက် မွန်းလွဲ၂နာရီတွင် ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး၊ အောက်တိုဘာ ၁ရက် မွန်းလွဲ ၂နာရီတွင် တာမွေ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



## ဇီဝပြုပြင်သက်ရှိများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၄**

စိုက်ပျိုးရေးကဏ္ဍ၏ ဇီဝပြုပြင်သက်ရှိများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း(၉)မိုင်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ဦးအုန်းမြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမှာစကားပြော

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စိုက်ပျိုးရေးကဏ္ဍ၏ ဇီဝပြုပြင်သက်ရှိများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ဆောင်ရွက်ပြီး ဂျီအမ်အို (Genetically - Modified Organism) စာတမ်းများကို သက်ဆိုင်ရာပညာရှင်များက ဖတ်ကြားကြရာ ဆွေးနွေးပွဲတက်ရောက်သူများက ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သတင်းစာပညာသင်တန်းသား သင်တန်းသူများ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်/ဆက်ရုံးကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်လျက်ရှိသော သတင်းစာပညာသင်တန်း(၁/၂၀၀၄)မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ စာကြည့်တိုက်၌ သင်တန်းသား သင်တန်းသူများအား ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စာကြည့်တိုက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသားခေါင်းဆောင် ဦးမိုးကျော်က ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများသည် စာကြည့်တိုက်ကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၂၄

**၂၀၀၄ခုနှစ် စက်တင်ဘာ၂၇ ရက်မှ အောက်တိုဘာ ၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်၌ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀ဒသမ၀၈)ပေခန့်မှ (၂၀ဒသမ၇၃) ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသတွင်နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။** (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၆-၉-၂၀၀၄)ရက်နေ့**

**၂၀၀၄ ခုနှစ်၊ အောက်တိုဘာလအတွက်**

**(၁၀-၁၀-၂၀၀၄)ရက်နေ့နှင့်**

**(၃၁-၁၀-၂၀၀၄)ရက်နေ့**

## မဟာစည်တရားပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည် မဟာစည် သာသနရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ မဟာစည်နယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ အရှင်သူမြတ်သည် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၂၈ရက်)ညတွင် သဲကုန်းမြို့ ညောင်ကန်အေး သံလွင်ရိပ်သာ၌ လည်းကောင်း၊ လပြည့်ကျော်၈ရက် (အောက်တိုဘာ ၆ရက်)ညတွင် မြင်းကကုန်း ဓမ္မဂုဏ်ရည်ရိပ်သာ၌ လည်းကောင်း၊ လကွယ်နေ့ (အောက်တိုဘာ ၁၃ရက်) ညတွင် ညောင်ဦးမြို့ မဟာစည်ရိပ်သာ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

## မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

**ရန်ကုန် စက်တင်ဘာ ၂၄**

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရွာ မထသရုံးရှေ့တွင် မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးစဉ် ဆိုင်ကယ်တစ်စီးမှ ရပ်တန့်ခြင်းမရှိဘဲ စစ်ဆေးရေးအဖွဲ့အား သေနတ်ငါးချက် ပစ်ခတ်ထွက်ပြေး၍ လိုက်လံဖမ်းဆီးရာ အခါးဈေးနောက်ရှိ အားတီးပိုင် အငှားတန်းလျား၌ စိုင်းရီလူအား စိတ်ကြွရူးသွပ်ဆေးပြား ၃၅ပြား၊ ဒသမ ၃၈ကို့ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်သုံးတောင့်၊ အဆိုပါအခန်းတွင်နေထိုင်သူ ဆမ်ကား၏ အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၅ပြား၊ ဒသမ ၂၂ သေနတ်တစ်လက်၊ ကျည် ၁၃၅ တောင့်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ဝိန်းကျောက်ရွာနေ ဦးလောလူ၏သား စိုင်းရီလူ(ခ)လောဟယ်၊ တစ်ရွာတည်းနေ ဦးညီကင်၏သား ဆမ်ကားတို့နှစ်ဦးအား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)/ ၂၁/၂၂(ခ)အရ အမှုဖွင့်အရေးယူခဲ့သည်။

### ပြစ်ဒဏ်ချမှတ်

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ဇူလိုင် ၉ရက်တွင် တရားခံ စိုင်းရီလူ(ခ) လောဟယ်အား မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာ လယ်ဝယ်တွေ့ရှိမှု ပုဒ်မ ၁၉(က)/၂၂(ခ) အရ အလုပ်နှင့် ထောင် နှစ်အကန့်အသတ်မရှိ ကျခံစေရန်နှင့် တရားခံ ဆမ်ကားအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် (၁၇)နှစ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

## ဒေါ်သူဇာသိန်း ၁၀/ မလမ(နိုင်)၁၂၂၇၈၂နှင့်အများသိသာရန်

ဒေါ်သူဇာသိန်းလက်ဝယ်ရှိ နစ်ဆန်းဆန်နီ၊ စူပါဆလွန်း ယာဉ်အမှတ်- သ/၇၄၂၉သည် ၇-၉-၉၆ ရက်စွဲပါ မော်တော်ကားအရောင်းအဝယ် ကတိစာချုပ်အရ ယခင်ပိုင်ရှင် ဦးကိုကိုသွင်ထံမှ ဒေါ်စန္ဒာနွယ်ဦး(ကွယ်လွန်)က ဝယ်ယူပိုင်ဆိုင်ခဲ့သောကားဖြစ်သဖြင့် ၎င်း၏သားသမီးများ အမွေဆက်ခံပိုင်ဆိုင်ခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်း၊ လက်ခံရယူခြင်းစသည်တို့ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

ဒေါ်စန္ဒာနွယ်ဦး၏သားသမီးများဖြစ်သော
အရွယ်မရောက်သေးသူကလေးများအား
အုပ်ထိန်းစောင့်ရှောက်လျက်ရှိသည့် အဘွား ဒေါ်စောမမ၏
လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမျိုးဟန်၊ ဦးလှမင်း၊ ဒေါ်ခင်မာလာကြည်**
**တရားရုံးချုပ်ရှေ့နေများ၊**
**အမှတ် ၁၇၀(ဒုထပ်)၊ ၃၃ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

ဦးသိန်းဝင်း၏ သား အထက(၃)တာမွေ Grade (10)(C)မှ မောင်ကျော်ထင်ဟိန်း အား မောင်ကျော်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဟိန်း။**

## ဘက်ထရီအိုး အဟောင်းများဝယ်သည်

ဖုန်း - ၀၉-၉၉-၂၂၀၂၅၊ ၇၀၁၇၂၀ တို့သို့ ဆက်သွယ်ပါ။

# ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ | Restaurant Cashier ဘွဲ့ရ | ကျား၊မ | ၃ ဦး |
| ၂။ | Waiter ၁၀ တန်းအောင်၊ ရုပ်ရည်အသင့်အတင့်၊ သွက်လက်ယဉ်ကျေးသူ | ကျား | ၁၀ ဦး |
| ၃။ | Bell Boy/Door Man ၁၀တန်းအောင်၊ ရုပ်ရည်အသင့်အတင့်၊ သွက်လက်ယဉ်ကျေးသူ | ကျား | ၅ ဦး |
| ၄။ | Beauty Salon Technician ညှပ်၊လျှော်၊သစ် ကျွမ်းကျင်၊ ရုပ်ရည်အသင့်အတင့်ရှိသူ၊ သွက်လက်ယဉ်ကျေးသူ၊ အသက်(၃၅)နှစ်အောက် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ကျရာနေရာများသို့ ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။ | ကျား၊မ | ၁၀ ဦး |
| ၅။ | Telephone Operator ဘွဲ့ရ၊ ချိုသာသွက်လက်ယဉ်ကျေးစွာပြောဆိုတတ်သူ | မ | ၂ ဦး |
| ၆။ | Room Attendant ၁၀တန်းအောင် | ကျား၊မ | ၁၂ ဦး |
| ၇။ | Laundry Staff | ကျား၊မ | ၄ ဦး |
| ၈။ | လုံခြုံရေးနှင့် မော်တော်ယာဉ်နေရာချထားရေးဝန်ထမ်း | ကျား | ၅ ဦး |
| ၉။ | သန့်ရှင်းရေးဝန်ထမ်း | ကျား၊မ | ၁၂ ဦး |

အထက်ပါနေရာများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်းဆေးမှတ်တမ်းမိတ္တူတို့ကိုယူဆောင်၍ ၂၇-၉-၂၀၀၄ ရက်မှ ၂-၁၀-၂၀၀၄ ရက်အတွင်း Admin Dept. အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

## ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T&Y Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities, PSA တွင် ဆိပ်ကမ်းဝန်ချီကရိန်းများ မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား)များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ - ၁၅၀ ဦး
(ခ) အသက် - ၂၀ မှ ၃၅ နှစ်
(ဂ) ပညာအရည်အချင်း - နိုင်ငံတော်အစိုးရအသိအမှတ်ပြု တက္ကသိုလ်/ကောလိပ်/စက်မှုသင်တန်းကျောင်းများမှ ဘွဲ့/ဒီပလိုမာ အဆင့် အောင်မြင်ရရှိထားပြီးဖြစ်ရမည်။
(မည်သည့်ဘာသာတွဲမဆိုလျှောက်ထားနိုင်သည်။)
(ဃ) အခြားလိုအပ်ချက် - အင်္ဂလိပ်စကား အထူးကျွမ်းကျင်စွာပြောဆိုတတ်ရမည်။
(အင်္ဂလိပ်စာကျွမ်းကျင်မှုကို နိုင်ငံခြားသားအလုပ်ရှင်ကိုယ်တိုင် စာတွေ့၊ လူတွေ့စစ်ဆေးပါမည်)
- ယာဉ်မောင်းလိုင်စင်ရှိရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးရွေးချယ်ပါမည်။
(င) အခြေခံလစာ - ၆၅၀ S$
(စ) အချိန်ပိုနှင့်အခြားခံစားခွင့် - ၅၀၀ S$
(ဆ) ဝန်ဆောင်ခ - ၂၆၀၀ S$ နှင့်ညီမျှသောမြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်၊ တိုင်းများရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၅-၁၀-၂၀၀၄ ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့် T & Y Enterprise ရုံး၊ အခန်း(၀၂-၀၃) ပထပ်၊ အာရှပလာဇာရှော့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင်လာရောက်ပြီး စုံစမ်းသိရှိနိုင်ပါသည်။









# နောင်ချိုမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့် ခရိုင်အုပ်ချုပ်ရေးမှူး ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နောင်ချို စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူးဦးအောင်စိုးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးတို့သည် စက်တင်ဘာ ၈ရက်က ပန်ဟတ်ရပ်ကွက်၊ တောင်ရပ်ကွက်၊ ကျောက်ကြမ်းကျေးရွာ၊ ရွှေမုဋ္ဌောကျေးရွာ၊ရေဝင်ကျေးရွာနှင့် ဆမ္မဆယ်ကျေး ရွာတို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါကျေးရွာများတွင် ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်စာအုပ်များ စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ စာအုပ်များတိုးပွားစေရန် အလှူရှင်များထံမှစာအုပ်များအလှူခံရေး၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ငှားရမ်းဖတ်ရှုနိုင်ရန် စည်းရုံးဆောင်ရွက်ရေး၊ ကျေးရွာများ၏ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းတံတား၊ ကျေးရွာရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆွေးနွေးပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ်တွင် တွဲဖက်အလယ်တန်းကျောင်းခွဲဖွင့်

**မင်းဘူး(စကု) စက်တင်ဘာ ၁၃**

မင်းဘူး(စကု)မြို့နယ် တောင်မန်း(စံပြ)ကျေးရွာတွင် ဩဂုတ်၂၉ ရက်က တွဲဖက်အလယ်တန်းကျောင်းခွဲ တောင်မန်း(စံပြ)ကျေးရွာဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်ပညာရေးမှူးဦးဝင်းဆွေ၊ကျေးရွာဥက္ကဋ္ဌဦးဘစိန်၊ ဆင်ခေါင်း အခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်ညွန့်ကြည်နှင့် တောင်မန်းအခြေခံပညာမူလတန်း ကျောင်းအုပ် ဦးစိုးဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တောင်မန်း(စံပြ)တွဲဖက် အလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဆွေနှင့်လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းရွှေတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** (၃၄၈)

**စက်တင်ဘာ ၄ရက်က စစ်တွေမြို့၌အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားဖွင့်ပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက စစ်တွေ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်များသို့ ငွေကျပ်ကိုးသိန်း ပေးအပ်လှူဒါန်းစဉ်။** (ခရိုင်/ပြန်ဆက်)



**ဩဂုတ် ၁၉ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေခင်းအလှတစ်ခုနှင့် အရိပ်ရပင် ၅၀၊ ပန်းအလှပင် ၁၀၀စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။** (မြို့နယ်စည်ပင်)

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အခြေခံနှင့်အဆင့်မြင့် သင်တန်းဆင်းပွဲများကျင်းပ

**မူဆယ် စက်တင်ဘာ ၁၄**

မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံသင်တန်းအမှတ်စဉ် (၁၁/၂၀၀၄)နှင့် အဆင့်မြင့်သင်တန်းအမှတ်စဉ် (၈/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဗိုလ်မှူးတင်ယုက အမှာစကားပြောကြားပြီး အိမ်တွင်းမှု ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်စန္ဒာညွန့်က သင်တန်းပို့ချမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပူတာအိုမြို့ အခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

**ပူတာအို စက်တင်ဘာ ၁၃**

ပူတာအိုမြို့ အခြေခံမီးသတ်သင်တန်း (၁/၂၀၀၄)ဆင်းပွဲအခမ်းအနားကိုဖုန်ကန်ရာဇီခန်းမတွင်ဩဂုတ် ၁၇ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် လက်တွေ့မီးငြိမ်းသတ်ခြင်းကို တပ်စိတ်အလိုက် ပြသရာတွင် အကောင်းဆုံးတပ်စိတ်နှင့် သင်တန်းဆရာအား ခရိုင်ဥက္ကဋ္ဌက ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌဦးသန်းကိုက ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးကောင်းမြို့၌ ဗဟုသုတတိုးပွားရေး စာအုပ်များလှူဒါန်း

**မိုးကောင်း စက်တင်ဘာ ၁၂**

မိုးကောင်းမြို့နယ် တောင်နီကျေးရွာ အုပ်စု မင်းရာဇာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာပေများ ဖတ်ရှုလေ့လာနိုင်ရန် သုတရသစာအုပ်များနှင့်စာနယ်ဇင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကိုယ်စား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်က စာကြည့်တိုက်မှူး ဦးဇော်လွင်ဦးသို့ ပေးအပ်လှူဒါန်းသည်။

(၅၀၆)

# အမြို့မြို့ အနယ်နယ်သတင်းများ

## မိတ္ထီလာ–ကျောက်ပန်းတောင်း ကားလမ်းဘေး သစ်ပင်စိုက်ပျိုး

ကျောက်ပန်းတောင်း ဩဂုတ် ၆

**ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်လျက် မိတ္ထီလာ–ကျောက်ပန်းတောင်း ကားလမ်းဘေး ဝဲယာတွင် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ်၁၄ရက်က ကျင်းပသည်။**

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ် သစ်တောဦးစီးမှူး ဦးမောင်သက်၊ စိမ်းလန်းစိုပြည်ရေးဌာန ဦးစီးအရာရှိ ဦးမောင်ဌေးတို့က ညောင်ဖောဓိပင်များကို စတင်စိုက်ပျိုးကာ ရေလောင်း ဖွင့်လှစ်ပေးကြသည်။

### တပျော်တပါးစိုက်ပျိုး

ထိုနေ့တွင် တပ်နယ်အဝင် ကားလမ်းဝဲယာ ၁မိုင်၅ဖာလုံတွင် အော်ရေရှား၊ ယင်းမာ၊ လင်းလွန်း၊ ညောင်ဖောဓိနှင့် ညောင်မှတ်ဆိတ်ပျိုးပင်ပေါင်း ၂၇၇၀ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။

**(၀၆၁)**



**မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူး၍ ခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၀၄)ကို မအူပင်မြို့ အစိုးရကွန်ပျူတာကောလိပ်ခန်းမတွင် ဩဂုတ် ၃၀ရက်က ကျင်းပရာ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့် အမှာစကား ပြောကြားစဉ်။** (၄၂၁)



**ဩဂုတ် ၂၉ရက်က ကျိုက်လတ်မြို့နယ် အမှတ်(၄)ရပ်ကွက် (၁၀)လမ်း ရေကန်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အနေးယာဉ်လုပ်သားများ စုပေါင်း၍ ဒိုက်မှော်များ ရှင်းလင်းခြင်း၊ ရေကန် ပတ်ဝန်းကျင်ရှိ မြက်နှင့် ချုံနွယ်များရှင်းလင်းခြင်း ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ဆုချီးမြှင့်

**မော်လမြိုင်မြို့နယ် ရခိုင်ကုန်း အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သူငယ်တန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်ရဲဝင်းလှိုင်အား ဆုချီးမြှင့်စဉ်။**

(၁၆၈)



## စတုပစ္စယာနုဂ္ဂဟအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁၂

**မန္တလေးတိုင်း စတုပစ္စယာနုဂ္ဂဟအသင်း၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃၁ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့ နန်းမြို့စံကျော်ရွှေနန်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တက်ရောက် ကြည်ညိုပြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒ စရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် ဝါဆို ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂိယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ၍ ဆရာတော်သံဃာတော်များက ပရိတ် တရားတော်များ ချီးမြှင့်တော်မူကြသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များအား တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တက်ရောက် လာကြသောအလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက်လှူဒါန်းမှုအစုစုအတွက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြတောင် တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာ ဘိဝံသက အနုမောဒနာတရားနှင့်ရေစက်ချတရားချီးမြှင့် တော်မူသည်။ **(က-ပ)**



## အမြို့မြို့ အနယ်နယ် သတင်းများ

## သံဖြူဇရပ်မြို့ ဘိုးဘွားရိပ်သာအလှူရှင်များဂုဏ်ပြု အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်

သံဖြူဇရပ် စက်တင်ဘာ ၂၁

**သံဖြူဇရပ်မြို့ ဘိုးဘွားရိပ်သာတွင်ရှိသည့် ဘိုးဘွားများအတွက် နှစ်စဉ် ကြေးပေးအပ်သူများနှင့် အလှူရှင်များအား ပြန်လည်ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက်က ဘိုးဘွားရိပ်သာအစည်းအဝေးခန်းမ တွင် ကျင်းပသည်။**

**လက်ခံရယူ**

ရှေးဦးစွာ ဘိုးဘွားများအတွက် သံဖြူဇရပ်မြို့ မြို့မဈေး အီလက်ထရွန် နစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ အလှူရှင် ဦးအောင်ထွန်းမိသားစုက ကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံရယူသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ဆက်လက်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ နှစ်စဉ်ကြေးပေးအပ်သူများ နှင့် အဖွဲ့အစည်းများမှ လှူဒါန်းသူများအား ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဝင် ဦးခင်မောင်ဦးက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

**(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

## စလင်းမြို့တွင် အခြေခံမီးသတ်သင်တန်းဖွင့်

**စလင်း စက်တင်ဘာ ၁၅**

စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အခြေခံမီးသတ်သင်တန်း သင်တန်းအမှတ်အစဉ် (၂/၂၀၀၄)ဖွင့်ပွဲကို ကူဖြူကျေးရွာအုပ်စုတွင် လည်းကောင်း၊ အမှတ်စဉ်(၃/၂၀၀၄) ဖွင့်ပွဲကို မကြီးပင်ပုကျေးရွာအုပ်စုတွင် လည်းကောင်း၊ အမှတ်စဉ်(၄/၂၀၀၄)ဖွင့်ပွဲကို လက်မဲ ကျေးရွာအုပ်စုတို့တွင်လည်းကောင်း စက်တင်ဘာ ၈ရက်က ကျင်းပသည်။

သင်တန်းများဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်စိုးနှင့် အဖွဲ့ဝင် (၁) ဒုတိယရဲမှူးဦးချစ်ဆွေတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင် ကျော်ဝင်းက သင်တန်းဆိုင်ရာများ ရှင်းလင်း ပြောကြား သည်။ **(မြို့နယ် ပြန်/ဆက်)**





**ဩဂုတ် ၃၁ရက်က မြဝတီမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်မှုကို ကရင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး၊ ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင့်ဝေတို့က ရှင်းလင်း တင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

**စက်တင်ဘာ ၁၇ ရက်က မန္တလေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့ မလှိုင်မြို့နယ် ရေထွက်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာ၌ အလှူရှင် စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



**စက်တင်ဘာ ၂ရက်က တံတားဦးမြို့ နိပါးတန်းရပ်နေ ဦးလှမောင်အား ရည်စူး၍ ဒေါ်လှလှ၏ (၈၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ငွေပဒေသာပင်အတွက် မတည်အလှူငွေကျပ် တစ်သိန်း၊ ပြည်သူ့ဆေးရုံ ငွေပဒေသာပင်အတွက် ကျပ်တစ်သိန်းနှင့် စေတနာ ရှင်လူမှုကူညီရေးအသင်းအတွက် ကျပ်တစ်သိန်း အသီးသီးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမိုး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စုစုကြည်နှင့် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးကျော်တင်တို့က လက်ခံယူကြစဉ်။** (က-ပ)



## ဆားလင်းကြီးမြို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ဆားလင်းကြီး စက်တင်ဘာ ၅**

ဆားလင်းကြီးမြို့နယ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက် နံနက် ၉နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌဦးကျော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲစည်းကမ်းများနှင့် ပတ်သက်၍ ဆရာဦးဝင်းမောင်က ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက် ကျင်းပသည်။ **(၃၄၆)**

## ပန်းတောင်းမြို့တွင် လမ်းများပြုပြင်ဆောင်ရွက်

**ပန်းတောင်း စက်တင်ဘာ ၁၂**

ပန်းတောင်းမြို့နယ်အတွင်း တွင် ချိုင့်ခွက်များကို တစ်ကွက်ပေါက် တစ်ကွက်ဖာစနစ်ဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရန် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင် နီယာမှူးကြီး ဦးကျော်ဆွေတို့ စက်တင် ဘာ ၆ရက်က ကွင်းဆင်းစစ်ဆေးရာ ပန်းတောင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ပန်းတောင်း-နတ်မောက် ကျေးလက်လမ်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းတို့ ကွင်းဆင်းကြည့်ရှုကြရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်ခိုင်ထွန်းက ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)



**သရက်ခရိုင် ကံမမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုး သားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသား အရည်အချင်းပြည့်မီသူ များအား နိုင်ငံသားစိစစ်ရေးကတ် ပြား ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ရက်က အမှတ်(၁) ရပ်ကွက် ရုံးခန်း၌ ကျင်းပရာ ဦးစီးအရာရှိ ဦးခင်မောင်ညွန့်က နိုင်ငံသား စိစစ်ရေး ကတ်ပြားများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးဇေယျာသို့ ပေး အပ်စဉ်။** (မြို့နယ် ပြန်/ဆက်)



MONSOON SPECIAL PROMOTION!
Qi YANGON SHISEIDO SALON AND SPA
Buy One Get One Free For All Facial Treatments.
Don't miss it!
No.24-26, Kabaaye Pagoda Road, Bahan Tsp, Yangon. For reservation please call 558556, 558558 ext: 1906
(28 Aug 04 to 30 Sept 04 Only)

# Congratulation!

to

THE GRAND OPENING CEREMONY OF " ROYAL GARDEN RESTAURANT "

from

## International Business Promotion Centre

| | | | | |
|---|---|---|---|---|
| 1. | U Aik Htun | Chairman (Olympic Co.,Ltd.) | 26. U Kyaung Yu Wan | Nyunt & Son Family Group Ltd. |
| 2. | Dr. Sai Sam Htun | Loi Hein Co.,Ltd. | 27. U Maung Maung Lay | Maharbandoola Export & Import Co., Ltd. |
| 3. | Dr. Ko Ko Gyi | Diamond Star Co., Ltd. | 28. U Maung Sein | Golden Everest Co., Ltd. |
| 4. | U Kyaw Khaing | Shay Saung Press | 29. U Myat Thu | Asia Royal Service Co., Ltd. |
| 5. | U Khin Maung Myat | Peace Myanmar Electric Co., Ltd. | 30. U Myint Maung | Hmwe Plastic Bag Enterprise |
| 6. | U Thein Han | Myanmar Pipes & Accessories Co.,Ltd. | 31. U Myo Thant | Myo Thant Aung Trading Co., Ltd. |
| 7. | U Aung Thein | Aung Thiha Co., Ltd. | 32. U Nay Win | Tine Chit Swe Trading |
| 8. | U Kyin Tun | Newest Garment Manufacturing Co., Ltd. | 33. U Ni | Shwe Tha Zin Syndicated Ltd. |
| 9. | U Maung Maung Gyi | M.M.G Construction & Trading Co., Ltd. | 34. U Sein Myint | Europe & Asia Commercial Co.,Ltd. |
| 10. | U Aik Yee | Yadanar Theingi Co., Ltd. | 35. U Sein Thit | TOSTA Group Ltd. |
| 11. | Dr. Aung Lwin | Pyi Phyo Tun International Co.,Ltd. | 36. U Sein Wan | Myanmar Lighting Manufacturing Co., Ltd. |
| 12. | U Aung Shwe | Fantasy World Co., Ltd. | 37. U Shwe Kyaing | Wah Wah Win International Co., Ltd. |
| 13. | U Aung Tha Latt | T.T International Ltd. | 38. U Shwin Chauk | Triple 'A' Cement International Co.,Ltd. |
| 14. | U Aung Zaw Myint | Winner Computer Group | 39. U Soe Hlaing | Taunggyi Gem-Master Co., Ltd. |
| 15. | U Aye Thaung | Comet Co., Ltd. | 40. U Soe Thein | Thein Than Gadac Co., Ltd. |
| 16. | U Boo Thein | Inn Pauk Wa Co., Ltd. | 41. U Thein Lwin | Asia Royal Cardiac & Medical Care |
| 17. | U Hla Shwe | Happy Star Co.,Ltd. | 42. U Thein Oo | ACE Data Systems |
| 18. | U Hla Thein | Myint Shwe Wah Industry Co., Ltd. | 43. U Tin Latt | Sein Diamond Paint Co., Ltd. |
| 19. | U Hla Soe | Pyi Sone Trading | 44. U Tin Maung | Great Wall Company |
| 20. | U Htay Yin | Smile World Co., Ltd. | 45. U Tin Oo | Y.Y.T International Co., Ltd. |
| 21. | U Myat Min | Shwe Linn Yon Trading | 46. U Win Aung | AHK Product Co., Ltd (THE SEA) |
| 22. | U Khin Zaw | Syun Nyi Naung Syun Min Noodle & Vermicelli | 47. U Zaw Zaw Naing | May Kalar Construction |
| 23. | U Kyaw Aung | Benhur Trading Co., Ltd. | 48. U Yone Mu | Green Light Co.,Ltd. |
| 24. | U Kyaw Myint | Myanmar A Hla Construction | 49. U Wai Lwin | TMW Enterprise Limited. |
| 25. | U Kyaw Nyunt | Kyaw Nyunt & Brothers Co., Ltd. | 50. U Shi Yoe Chen | Golden Circle Co.,Ltd. |











## မွေးသက္ကရာဇ်မှန်နှင့် အမည်ပြောင်း

အဖ ဦးအင်ဟုတ်၏သမီးများ ဖြစ်သော အထက(၂) တာမွေ ဒသမ တန်း(A)မှ မအင်ကြင်းမွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂- ၁၉၈၉နှင့် အထက(၂)တာမွေ သတ္တမတန်း (B)မှ မသဇင်မွန်အား မှတ်ပုံတင်အရ မမြတ်သီရိထက်ဟု ပြောင်းလဲခေါ်ပါရန်။

## အိမ်ရောင်းမည်

မရမ်းကုန်း(၁)ရပ်ကွက် နှစ်(၆၀)ဂရန်၊ ၂၅ပေ X ပေ၅၀ B.N နှစ်ထပ်၊ ရေမီးစုံ ပွဲစားမလိုပါ။ **ဖုန်း-၆၅၁၃၃၉။**




## ကန့်ကွက်နိုင်ပါသည်

၉က/၈၄၄၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန၊ပြည်နယ်ရုံး(လားရှိုး)။**

## တိုက်ခန်းငှားမည်

ကမာရွတ်
လှည်းတန်းလမ်းမ၊
လှည်းတန်းဈေးအနီး(ပ)ထပ်၊
စုံစမ်းရန်- **ဖုန်း-၅၁၁၃၃၅။**

## ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာစခန်း တိုက်အမှတ် ၃၊ အခန်း ၁၆ သည် ဒေါ်ညွန့်မေ အမည်ဖြင့် အငှားချထားပေးခဲ့ခြင်းဖြစ်ပြီး ယင်းအခန်းအား သမီးဖြစ်သော ဒေါ်ခင်မာသီ အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်) ၀၁၈၂၃၂ က အိမ်ခန်း ဦးစီးအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ဆက်ခံပိုင်ခွင့် ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ခိုင်လုံသော အထောက်အထားများ ပူးတွဲတင်ပြပြီး ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဒေါ်ယုယုဆွေ (ချိုတူး)

၂၅-၉-၂၀၀၄ ရက်ဆိုလျှင် ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်ပြီ ဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ ပြုခဲ့သော ကုသိုလ် အစုစုအတွက် အမျှပေးဝေပါ၏။

**ကျန်ရစ်သူမိသားစု။**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားဒေသ မူးယစ်ဆေးဝါးပပျောက်နယ်မြေအဖြစ် နိုင်ငံတကာသို့ကြေညာနိုင် ကိုးကန့်နှင့် ‘ဝ’ဒေသကို ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ရည်မှန်းကြိုးပမ်းနေကြပြီ မူးယစ်ဆေးဝါးပပျောက်ရေး အမြင်ချင်းတူညီသော မည်သည့်ကမ္ဘာ့နိုင်ငံများနှင့်မဆို လက်တွဲပူးပေါင်းသွားမည်

ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့်နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

## ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အရေးယူဖျက်ဆီးနိုင်ခဲ့မှုများ

ဘိန်းစိုက်ရာသီတွင် ဘိန်းဧက ၇၅၄၄ဒသမ၇၂ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက်မှ စက်တင်ဘာ ၁၅ရက်အထိ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော အမှုပေါင်း ၂၀၇၀မှ တရားခံပေါင်း ၂၈၈၃ဦးကို အရေးယူခဲ့၊

ဘိန်း၊ ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေး၊ အက်ဖီဒရင်း၊ ဆေးခြောက်များ ဖမ်းဆီးခြင်း၊ စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်သည့် စက်တစ်လုံး၊ ဘိန်းဖြူချက် စက်ရုံနှစ်ရုံတို့ကို ဖျက်ဆီးနိုင်ခဲ့။




၂၀၀၂ ခုနှစ် ဇွန် ၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ကိုးကန့်ဒေသတိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာန ဒုတိယဌာနမှူး မစ္စတာ ချောင်ရှီမြင်နှင့် အဖွဲ့ဝင်များက တတိယအကြိမ် မီးရှို့ဖျက်ဆီးမည့် ဘိန်းမျိုးစေ့နှင့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးခဲ့ကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**မြန်မာ့အလင်း ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း**

“နိုင်ငံတော်၌ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းနေချိန်တွင် စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကပိုင် စက်မှုဇုန်များ နိုင်ငံတော်နှင့် လက်တွဲ၍ ဟန်ချက်ညီညီ အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း” ခေါင်းကြီး (စာ-၂)

“ဘုရှ်၏ မူဝါဒ စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မကျ” နိုင်ငံတကာသတင်း (စာ-၄)

“မြန်မာနိုင်ငံသားအားလုံး ပညာဗဟုသုတများရရှိကာ အသိမှန်၊ အမြင်မှန်၊ အတွေးအကြံမှန်၊ အလုပ်မှန်နိုင်ကြစေဖို့ လူတိုင်းလူတိုင်း လိမ္မာယဉ်ကျေး၍ အမျိုးကောင်းသားအမျိုးကောင်းသမီးများဖြစ်ကြစေဖို့ ကျေးရွာအုပ်စုတိုင်းတွင် စာကြည့်တိုက်များ ထူထောင်ကြပါစို့၊ ပြည်သူအများကလည်း ပညာဒါနအဖြစ် စာအုပ် စာစောင်များအပါအဝင်အဘက်ဘက်က ဝိုင်းဝန်းကူညီအားပေးကြပါစို့” မြင့်သိန်းအောင်၏ဆောင်းပါး(စာ-၁၀)

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး | ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး | ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✳ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၀၂ခုနှစ် ဇွန် ၇ရက်က ကျင်းပသော တောင်သူများ အပ်နှံသည့် ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းမျိုးစေ့များကို မဖျက်ဆီးမီ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)




25-9 (20).p65 1 24.03.1905, 11:15 PM